၁။ ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာခရိုင်၊ **လပွတ္တာ**မြို့နယ်တွင် ကျောက်မှော်ကျေးရွာအုပ်စုအတွင်းရှိ မြေဧရိယာ (၈၆၆. ၉၈) ဧက ကျယ်ဝန်းသော လပွတ္တာ (၃) မိုင်ဒေသအား ရပ်ကွက် (၄) ရပ်ကွက်ပါဝင်သော လပွတ္တာ (၃) မိုင်မြို့အဖြစ်လည်းကောင်း၊ ကျောက်မှော်ကျေးရွာအုပ်စုအတွင်း ရေလုပ်သားနှင့်လယ်သမားများ စုပေါင်းနေထိုင်လျက်ရှိသည့် ဖိုးပေနှင့် ခနိချောင်းအိမ်စု၊ တဲစုများအား ကျေးရွာ (၂) ရွာအဖြစ်လည်းကောင်း အောက်ပါအတိုင်း တိုးချဲ့ပြင်ဆင်ဖွဲ့စည်းလိုက်သည် -

(က) **မြို့၊ ရပ်ကွက်များ တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်း**

| **မြို့** | **ရပ်ကွက်** |
|---|---|
| (၁) လပွတ္တာ (၃)မိုင် | (၁) အမှတ် (၁) ရပ်ကွက် |
| | (၂) အမှတ် (၂) ရပ်ကွက် |
| | (၃) အမှတ် (၃) ရပ်ကွက် |
| | (၄) အမှတ် (၄) ရပ်ကွက် |

(ခ) **ကျေးရွာအုပ်စု၊ ကျေးရွာများ ပြင်ဆင်ဖွဲ့စည်းခြင်း**

| **မူလ ကျေးရွာအုပ်စု** | **မူလကျေးရွာ** | **ပြုပြင်ဖွဲ့စည်းပြီး ကျေးရွာအုပ်စု** | **ပြုပြင်ဖွဲ့စည်းပြီး ကျေးရွာ** |
|---|---|---|---|
| (၁) ကျောက်မှော် | (၁) ကျောက်မှော် | (၁) **ကျောက်မှော်** | (၁) ကျောက်မှော် |
| | (၂) အောက်ချောင်း | | (၂) အောက်ချောင်း |
| | (၃) သဲကုန်း | | (၃) သဲကုန်း |
| | (၄) လေးအိမ်တန်း | | (၄) လေးအိမ်တန်း |
| | (၅) သရက်ကုန်း | | (၅) သရက်ကုန်း |
| | (၆) လေးဆိပ် | | (၆) လေးဆိပ် |
| | | | (၇) **ဖိုးပေ** |
| | | | (၈) **ဓနိချောင်း** |

၂။ အထက်ဖော်ပြပါအတိုင်း ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာခရိုင်၊ လပွတ္တာမြို့နယ်တွင် ရပ်ကွက် (၄) ရပ်ကွက်ပါဝင်သော လပွတ္တာ (၃) မိုင်မြို့နှင့် ကျေးရွာ (၂) ရွာ တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်းကြောင့် လပွတ္တာမြို့နယ်အတွင်း ပါဝင်သည့် မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စု၊ ကျေးရွာများ၏ ဖွဲ့စည်းတည်ရှိမှု ဧရိယာအကျယ်အဝန်းနှင့် နယ်နိမိတ်အလားအလာ သတ်မှတ်ချက်များသည် လပွတ္တာမြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၏ အမှုတွဲတွင်ပါရှိသည့်အတိုင်း ဖြစ်သည်။

၃။ ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာခရိုင်၊ မော်လမြိုင်ကျွန်းမြို့နယ်၊ ရေလိမ်ကျေးရွာအုပ်စုတွင် ကျွန်းကလေး ကျေးရွာ **(၁) ရွာ**၊ ရှောက်ချောင်းကျေးရွာအုပ်စုတွင် ငွေဇင်ယော် (စံပြ)၊ ငွေသဇင် (၁)၊ ငွေသဇင် (၂) ကျေးရွာ **(၃) ရွာ**၊ မဘောကျေးရွာအုပ်စုတွင် ပတ်လည်ကျေးရွာ **(၁) ရွာ**၊ နတ်မျှားကျေးရွာ အုပ်စုတွင် အောက်ဂျိုးဖြူ၊ ဖိုးချစ်၊ ကျူချောင်း၊ ညောင်ချောင်း၊ မှတ်တိုင်၊ အောင်လှိုင် (၂)၊ အိုးထုတ်မြစ်တန်း၊ တစ္ဆေချောင်း ကျေးရွာ **(၈) ရွာ**၊ မိဿလင်ကုန်းကျေးရွာအုပ်စုတွင် အလယ်ချောင်းကျေးရွာ **(၁) ရွာ၊ စုစုပေါင်း** ကျေးရွာ **(၁၄) ရွာ**အား အောက်ပါအတိုင်း တိုးချဲ့ပြင်ဆင်ဖွဲ့စည်းလိုက်သည် -

| **မူလ ကျေးရွာအုပ်စု** | **မူလကျေးရွာ** | **ပြုပြင်ဖွဲ့စည်းပြီး ကျေးရွာအုပ်စု** | **ပြုပြင်ဖွဲ့စည်းပြီး ကျေးရွာ** |
|---|---|---|---|
| (က) ရေလိမ် | (၁) ရေလိမ် | (၁) ရေလိမ် | (၁) ရေလိမ် |
| | (၂) အောင်လှိုင် | | (၂) အောင်လှိုင် |
| | (၃) ကြောင်ထောက် | | (၃) ကြောင်ထောက် |
| | (၄) ကျားလေးချောင်း | | (၄) ကျားလေးချောင်း |
| | (၅) ထီဆာမိတ် | | (၅) ထီဆာမိတ် |
| | (၆) စက်ကုန်း | | (၆) စက်ကုန်း |
| | (၇) လင်းနေချောင်း | | (၇) လင်းနေချောင်း |
| | | | (၈) **ကျွန်းကလေး** |
| (ခ) ရှောက်ချောင်း | (၁) ရှောက်ချောင်း | (၁) ရှောက်ချောင်း | (၁) ရှောက်ချောင်း |
| | (၂) တန်းကောက် | | (၂) တန်းကောက် |
| | (၃) စွဲစုံ | | (၃) စွဲစုံ |
| | (၄) ဗန္ဓုလ | | (၄) ဗန္ဓုလ |
| | (၅) စိန်ပန်း | | (၅) စိန်ပန်း |
| | (၆) အဝချောင်း | | (၆) အဝချောင်း |
| | (၇) ဆင်မဝဲချောင်း | | (၇) ဆင်မဝဲချောင်း |
| | (၈) အောင်သုခ | | (၈) အောင်သုခ |
| | (၉) ရွာလယ်ချောင်း | | (၉) ရွာလယ်ချောင်း |

| မူလ ကျေးရွာအုပ်စု | မူလကျေးရွာ | ပြုပြင်ဖွဲ့စည်းပြီး ကျေးရွာအုပ်စု | ပြုပြင်ဖွဲ့စည်းပြီး ကျေးရွာ |
|---|---|---|---|
| | (၁၀) ပုဂံပုံ | | (၁၀) ပုဂံပုံ |
| | (၁၁) ငါးတန်တရာ | | (၁၁) ငါးတန်တရာ |
| | (၁၂) မြစ်တန်း | | (၁၂) မြစ်တန်း |
| | (၁၃) ကွမ်းသီးချောင်းကြီး | | (၁၃) ကွမ်းသီးချောင်းကြီး |
| | (၁၄) မြစ်တို | | (၁၄) မြစ်တို |
| | (၁၅) မြင်းကချောင်း | | (၁၅) မြင်းကချောင်း |
| | (၁၆) မျှားချောင်း | | (၁၆) မျှားချောင်း |
| | (၁၇) ဖုံးဆိုး | | (၁၇) ဖုံးဆိုး |
| | (၁၈) လေးခွ | | (၁၈) လေးခွ |
| | (၁၉) ငွေဇယ်ယော် | | (၁၉) ငွေဇယ်ယော် |
| | (၂၀) သောင်ဖုန်း | | (၂၀) သောင်ဖုန်း |
| | (၂၁) လှိုင်းဘုန်းလေး | | (၂၁) လှိုင်းဘုန်းလေး |
| | | | (၂၂) **ငွေဇင်ယော် (စံပြ)** |
| | | | (၂၃) **ငွေသဇင် (၁)** |
| | | | (၂၄) **ငွေသဇင် (၂)** |
| (ဂ) မဘေ | (၁) မဘေ | (၁) မဘေ | (၁) မဘေ |
| | (၂) ရှောက်ချောင်း | | (၂) ရှောက်ချောင်း |
| | (၃) ရွာသာညွှန့် (၁) | | (၃) ရွာသာညွှန့် (၁) |
| | (၄) ရွာသာညွှန့် (၂) | | (၄) ရွာသာညွှန့် (၂) |
| | (၅) ကွင်းချောင်း | | (၅) ကွင်းချောင်း |
| | (၆) မြေစငူ | | (၆) မြေစငူ |
| | (၇) မိချောင်းခေါင်း | | (၇) မိချောင်းခေါင်း |
| | (၈) သောင်ဖုန်း | | (၈) သောင်ဖုန်း |
| | (၉) ကွမ်းသီးချောင်း | | (၉) ကွမ်းသီးချောင်း |
| | (၁၀) ပန်းဖူး | | (၁၀) ပန်းဖူး |
| | | | (၁၁) **ပတ်လည်** |
| (ဃ) နတ်မျှုး | (၁) နတ်မျှုး | (၁) နတ်မျှုး | (၁) နတ်မျှုး |
| | (၂) မဲဇလီ | | (၂) မဲဇလီ |
| | (၃) ညိမ်းဦး | | (၃) ညိမ်းဦး |
| | (၄) ဂျိုးဖြူ | | (၄) ဂျိုးဖြူ |
| | (၅) ကြက်တူရွေး | | (၅) ကြက်တူရွေး |
| | (၆) ကျွန်းကြီး | | (၆) ကျွန်းကြီး |
| | (၇) အောင်လှိုင် | | (၇) အောင်လှိုင် |
| | (၈) မြစ်တန်း | | (၈) မြစ်တန်း |
| | (၉) ဇီးဖြူ | | (၉) ဇီးဖြူ |
| | (၁၀) ဒေါင်းဦးတို | | (၁၀) ဒေါင်းဦးတို |
| | | | (၁၁) **အောက်ဂျိုးဖြူ** |
| | | | (၁၂) **ဖိုးချစ်** |
| | | | (၁၃) **ကျူချောင်း** |
| | | | (၁၄) **ညောင်ချောင်း** |
| | | | (၁၅) **မှတ်တိုင်** |

| မူလ ကျေးရွာအုပ်စု | မူလကျေးရွာ | ပြုပြင်ဖွဲ့စည်းပြီး ကျေးရွာအုပ်စု | ပြုပြင်ဖွဲ့စည်းပြီး ကျေးရွာ |
|---|---|---|---|
| | | | (၁၆) **အောင်လှိုင် (၂)** |
| | | | (၁၇) **အိုးထုတ်မြစ်တန်း** |
| | | | (၁၈) **တစ္ဆေချောင်း** |
| (င) မိဿလင်ကုန်း | (၁) မိဿလင်ကုန်း | (၁) မိဿလင်ကုန်း | (၁) မိဿလင်ကုန်း |
| | (၂) မိချောင်းအိုင် | | (၂) မိချောင်းအိုင် |
| | (၃) ကဿပေါင်း | | (၃) ကဿပေါင်း |
| | (၄) ဇီးဖြူ | | (၄) ဇီးဖြူ |
| | (၅) ကွမ်းသီးချောင်း | | (၅) ကွမ်းသီးချောင်း |
| | (၆) ကျားချောင်း | | (၆) ကျားချောင်း |
| | | | (၇) **အလယ်ချောင်း** |

၄။ အထက်ဖော်ပြပါအတိုင်း ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာခရိုင်၊ မော်လမြိုင်ကျွန်းမြို့နယ်တွင် ကျေးရွာ (၁၄) ရွာ တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်းကြောင့် မော်လမြိုင်ကျွန်းမြို့နယ်အတွင်း ပါဝင်သည့် မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စု၊ ကျေးရွာများ၏ ဖွဲ့စည်းတည်ရှိမှု ဧရိယာအကျယ်အဝန်းနှင့် နယ်နိမိတ်အလားအလာ သတ်မှတ်ချက်များသည် မော်လမြိုင်ကျွန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ အမှုတွဲတွင်ပါရှိသည့် အတိုင်း ဖြစ်သည်။

၅။ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ကျောင်းကုန်းမြို့နယ်တွင် ကျောင်းကုန်းမြို့ရှိ မြောက်ပိုင်းရပ်ကွက်အား အမှတ် (၁) ရပ်ကွက်၊ တောင်ပိုင်းရပ်ကွက်အား အမှတ် (၂) ရပ်ကွက်၊ တလုပ်ကုန်းရပ်ကွက်အား အမှတ် (၃) ရပ်ကွက်ဟူ၍ အမည်ပြောင်းလဲဖွဲ့စည်းခြင်းကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| မြို့ | မူလရပ်ကွက် | ပြုပြင်ဖွဲ့စည်းပြီးရပ်ကွက် |
|---|---|---|
| (၁) **ကျောင်းကုန်း** | (၁) မြောက်ပိုင်း | (၁) **အမှတ် (၁)** |
| | (၂) တောင်ပိုင်း | (၂) **အမှတ် (၂)** |
| | (၃) တလုပ်ကုန်း | (၃) **အမှတ် (၃)** |

၆။ အထက်ဖော်ပြပါအတိုင်း ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ကျောင်းကုန်းမြို့နယ်တွင် ရပ်ကွက် (၃) ရပ်ကွက် အမည်ပြောင်းလဲပြင်ဆင်ဖွဲ့စည်းခြင်းကြောင့် ကျောင်းကုန်းမြို့နယ်အတွင်းပါဝင်သည့် မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စု၊ ကျေးရွာများ၏ ဖွဲ့စည်းတည်ရှိမှု ဧရိယာအကျယ်အဝန်းနှင့် နယ်နိမိတ်အလားအလာ သတ်မှတ်ချက်များသည် ကျောင်းကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ အမှုတွဲတွင်ပါရှိသည့် အတိုင်းဖြစ်သည်။

## အမိန့်ကြော်ငြာစာ (၈၀၁/၂၀၁၆)

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ တပေါင်းလဆန်း ၉ ရက်

(၂၀၁၆ ခုနှစ်၊ မတ်လ ၁၇ ရက်)

၁။ ကယားပြည်နယ်၊ လွိုင်ကော်ခရိုင်၊ **လွိုင်ကော်မြို့နယ်အတွင်း** နောင်ယား (က) ရပ်ကွက်အား နောင်ယား (က) ရပ်ကွက်နှင့် **နာနတ်တောရပ်ကွက်**အဖြစ်လည်းကောင်း၊ ပန်ကန်းကျေးရွာအုပ်စုအတွင်းရှိ နမ့်ဘော်ဝမ် (ရှမ်း) ကျေးရွာ၊ နမ့်ဘော်ဝမ် (ဂေါ်ရခါး) ကျေးရွာနှင့် ဧကေ (၅၀၀) ကျေးရွာ (၃) ရွာအား **နမ့်ဘော်ဝမ် (က)၊ နမ့်ဘော်ဝမ် (ခ) နှင့် ဧကေ (၅၀၀) ရပ်ကွက် (၃) ရပ်ကွက်**အဖြစ်လည်းကောင်း၊ ချိကယ်ကျေးရွာအုပ်စုအတွင်းရှိ ထေးသမနှင့် နမ့်ကွတ်ကျေးရွာ (၂) ရွာအား **ထေးသမနှင့် နမ့်ကွတ် ရပ်ကွက် (၂) ရပ်ကွက်**အဖြစ်လည်းကောင်း စုစုပေါင်း ရပ်ကွက် **(၆) ရပ်ကွက် တိုးချဲ့**ဖွဲ့စည်းခြင်း၊ လွိုင်လင်လေးကျေးရွာအုပ်စုတွင် **နန်းလွှာ**ကျေးရွာ (၁)ရွာနှင့် တီးလုံကျေးရွာအုပ်စုတွင် **လုံပု**ကျေးရွာ (၁) ရွာ၊ စုစုပေါင်းကျေးရွာ **(၂) ရွာ**

**တိုးချဲ့**ဖွဲ့စည်းခြင်းနှင့် လောပိတ ကျေးရွာအုပ်စုတွင် **ဂျပန်ဝန်း**ကျေးရွာ **(၁) ရွာ ပယ်ဖျက်**ခြင်းတို့ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည် -

(က) **ရပ်ကွက်များတိုးချဲ့ဖွဲ့စည်းခြင်း**

| **မြို့** | **မူလရပ်ကွက်** | **ပြုပြင်ဖွဲ့စည်းပြီးရပ်ကွက်** |
|---|---|---|
| (၁) လွိုင်ကော် | (၁) နောင်ယား (က) | (၁) နောင်ယား (က) |
| | (၂) နောင်ယား (ခ) | (၂) နောင်ယား (ခ) |
| | (၃) ဒေါဥခူ | (၃) ဒေါဥခူ |
| | (၄) မိုင်းလုံး | (၄) မိုင်းလုံး |
| | (၅) မင်္ဂလာ | (၅) မင်္ဂလာ |
| | (၆) ဓမ္မာရုံ | (၆) ဓမ္မာရုံ |
| | (၇) ဈေးပိုင်း | (၇) ဈေးပိုင်း |
| | (၈) ရွှေတောင် | (၈) ရွှေတောင် |
| | (၉) လောဓမ္မ | (၉) လောဓမ္မ |
| | (၁၀) ဒေါတမ | (၁၀) ဒေါတမ |
| | (၁၁) ဒေါနိုးကူး | (၁၁) ဒေါနိုးကူး |
| | (၁၂) ရှမ်းစု | (၁၂) ရှမ်းစု |
| | (၁၃) မင်းစု | (၁၃) မင်းစု |
| | | (၁၄) **နာနတ်တော** |
| | | (၁၅) **နမ့်ဘော်ဝမ်(က)** |
| | | (၁၆) **နမ့်ဘော်ဝမ်(ခ)** |
| | | (၁၇) **ဧက (၅၀၀)** |
| | | (၁၈) **ထေးသမ** |
| | | (၁၉) **နမ့်ကွတ်** |

(ခ) **ကျေးရွာအုပ်စုနှင့် ကျေးရွာများ ပြင်ဆင်ဖွဲ့စည်းခြင်း**

| **မူလ ကျေးရွာအုပ်စု** | **မူလကျေးရွာ** | **ပြုပြင်ဖွဲ့စည်းပြီး ကျေးရွာအုပ်စု** | **ပြုပြင်ဖွဲ့စည်းပြီး ကျေးရွာ** |
|---|---|---|---|
| (၁) ပန်ကန်း | (၁) ပန်ကန်း | (၁) ပန်ကန်း | (၁) ပန်ကန်း |
| | (၂) မှုံပြာ | | (၂) မှုံပြာ |
| | (၃) ရွာတန်းရှည် | | (၃) ရွာတန်းရှည် |
| | (၄) ထူဒူင်သ | | (၄) ထူဒူင်သ |
| | (၅) စိုက်ကွင်း (၃) | | (၅) စိုက်ကွင်း (၃) |
| | (၆) ဆန်းဘွန်း | | (၆) ဆန်းဘွန်း |
| | (၇) **နမ့်ဘော်ဝမ် (ဂေါ်ရခါး)** | | |
| | (၈) **နမ့်ဘော်ဝမ် (ရှမ်း)** | | |
| | (၉) **ဧက (၅၀၀)** | | |
| (၂) ချိကယ် | (၁) ဒေါကလိုးခူ | (၁) ချိကယ် | (၁) ဒေါကလိုးခူ |
| | (၂) ဒေါဆော်ဘီး | | (၂) ဒေါဆော်ဘီး |
| | (၃) ပကြဲစံပြ | | (၃) ပကြဲစံပြ |
| | (၄) ဒေါတချား (ကယား) | | (၄) ဒေါတချား (ကယား) |
| | (၅) ဒေါတချား (ပအိုဝ်း) | | (၅) ဒေါတချား (ပအိုဝ်း) |
| | (၆) လွယ်တမူကုန်း | | (၆) လွယ်တမူကုန်း |
| | (၇) ဖားတီမာ | | (၇) ဖားတီမာ |
| | (၈) ဒေါမူကလား | | (၈) ဒေါမူကလား |
| | (၉) **ထေးသမ** | | |
| | (၁၀) **နမ့်ကွတ်** | | |

| **မူလ ကျေးရွာအုပ်စု** | **မူလကျေးရွာ** | **ပြုပြင်ဖွဲ့စည်းပြီး ကျေးရွာအုပ်စု** | **ပြုပြင်ဖွဲ့စည်းပြီး ကျေးရွာ** |
| --- | --- | --- | --- |
| (၃) တီးလုံ | (၁) တီးလုံ | (၁) တီးလုံ | (၁) တီးလုံ |
| | (၂) နားဆုံကွေ့ | | (၂) နားဆုံကွေ့ |
| | (၃) ဒေါပါပ | | (၃) ဒေါပါပ |
| | (၄) ဒေါစဲ | | (၄) ဒေါစဲ |
| | (၅) မဲ့ဖျာ | | (၅) မဲ့ဖျာ |
| | (၆) ဝမ်ငွေါ | | (၆) ဝမ်ငွေါ |
| | (၇) တာဝ | | (၇) တာဝ |
| | | | (၈) **လုံပု** |
| (၄) လွိုင်လင်လေး | (၁) လွိုင်လင်လေး | (၁) လွိုင်လင်လေး | (၁) လွိုင်လင်လေး |
| | (၂) ခုတ်လော | | (၂) ခုတ်လော |
| | (၃) ဒေါတနော | | (၃) ဒေါတနော |
| | (၄) နန်းနောက် | | (၄) နန်းနောက် |
| | (၅) အိုင်စန့် | | (၅) အိုင်စန့် |
| | (၆) ပိန်းချစ် | | (၆) ပိန်းချစ် |
| | (၇) ဝမ်ကုန်း | | (၇) ဝမ်ကုန်း |
| | (၈) ထီရိ | | (၈) ထီရိ |
| | (၉) ကုန်းဆွတ် | | (၉) ကုန်းဆွတ် |
| | (၁၀) ကျောက်ကြီး(မြောက်) | | (၁၀) ကျောက်ကြီး(မြောက်) |
| | (၁၁) တနောင်ညွန့် | | (၁၁) တနောင်ညွန့် |
| | (၁၂) သာယု | | (၁၂) သာယု |
| | | | (၁၃) **နန်းလွှာ** |
| (၅) လောပိတ | (၁) လောပိတ (ရှမ်း) | (၁) လောပိတ | (၁) လောပိတ (ရှမ်း) |
| | (၂) ကန်နီ | | (၂) ကန်နီ |
| | (၃) ဆိုလစယ် | | (၃) ဆိုလစယ် |
| | (၄) လောကထု | | (၄) လောကထု |
| | (၅) ဒေါစဲ | | (၅) ဒေါစဲ |
| | (၆) ရှမ်းကွက်သစ် | | (၆) ရှမ်းကွက်သစ် |
| | (၇) လေးအိမ်စု | | (၇) လေးအိမ်စု |
| | (၈) မိုက်ကန်း | | (၈) မိုက်ကန်း |
| | (၉) လောပိတ | | (၉) လောပိတ |
| | (၁၀) လောဓလေး | | (၁၀) လောဓလေး |
| | (၁၁) ကျောက်တောင် | | (၁၁) ကျောက်တောင် |
| | (၁၂) လောကထုကွက်သစ် | | (၁၂) လောကထုကွက်သစ် |
| | (၁၃) ပရဟိတ | | (၁၃) ပရဟိတ |
| | (၁၄) ပဒေါင်ကုန်း | | (၁၄) ပဒေါင်ကုန်း |
| | (၁၅) မွေ့စကြာ | | (၁၅) မွေ့စကြာ |
| | (၁၆) ကိုးမိုင် | | (၁၆) ကိုးမိုင် |
| | (၁၇) ဆယ်မိုင် | | (၁၇) ဆယ်မိုင် |
| | (၁၈) အမှတ် (၁)ရပ်ကွက် | | (၁၈) အမှတ် (၁)ရပ်ကွက် |
| | (၁၉) **ဂျပန်ဝန်း** | | |

၂။ အထက်ဖော်ပြပါအတိုင်း ကယားပြည်နယ်၊ လွိုင်ကော်ခရိုင်၊ လွိုင်ကော်မြို့နယ်တွင် ရပ်ကွက် (၆) ရပ်ကွက်နှင့် ကျေးရွာ (၂) ရွာ တိုးချဲ့ဖွဲ့စည်း၍ ကျေးရွာ (၆) ရွာ ပယ်ဖျက်ခြင်းကြောင့် လွိုင်ကော်မြို့နယ်အတွင်း ပါဝင်သည့်မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စု၊ ကျေးရွာများ၏ ဖွဲ့စည်းတည်ရှိမှု ဧရိယာအကျယ်အဝန်းနှင့် နယ်နိမိတ် အလားအလာ သတ်မှတ်ချက်များသည် လွိုင်ကော်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ အမှုတွဲတွင် ပါရှိသည့်အတိုင်းဖြစ်သည်။

၃။ ကယားပြည်နယ်၊ လွိုင်ကော်ခရိုင်၊ **ဒီးမော့ဆိုမြို့နယ်**အတွင်း စံပြ (၆) မိုင်ကျေးရွာအုပ်စုတွင် ဘတ်တလိန်နှင့် ဇီးဖြူကုန်းကျေးရွာ၊ ဒေါဘူးကူးကျေးရွာအုပ်စုတွင် ကြာဖူးဒေါကျေးရွာ၊ ဆောင်ဒူလာကျေးရွာ အုပ်စုတွင် ကွိုင်ငံရွာသစ်ကျေးရွာ၊ အိုကေကျေးရွာအုပ်စုတွင် သာယပ်ကျေးရွာ၊ စုစုပေါင်း ကျေးရွာ **(၅) ရွာ တိုးချဲ့**ဖွဲ့စည်းခြင်း၊ ငွေတောင်ကျေးရွာအုပ်စုတွင် စိုက်ကွင်း (၁) နှင့် ကျောက်ဆည်ကန်ကျေးရွာ၊ ဒေါကလောဒူ ကျေးရွာအုပ်စုတွင် ဒေါဝယ်မောကျေးရွာ၊ စုစုပေါင်း ကျေးရွာ **(၃) ရွာ ပယ်ဖျက်**ခြင်းနှင့် ဒေါတော်ကူးကျေးရွာ အုပ်စုတွင် ဒေါတခေါက်ကျေးရွာအား **ဆီပူးကုန်းကျေးရွာ**ဟူ၍ **အမည်ပြောင်း**လဲဖွဲ့စည်းခြင်းတို့ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည် -

| **မူလ ကျေးရွာအုပ်စု** | **မူလကျေးရွာ** | **ပြုပြင်ဖွဲ့စည်းပြီး ကျေးရွာအုပ်စု** | **ပြုပြင်ဖွဲ့စည်းပြီး ကျေးရွာ** |
|---|---|---|---|
| (က) စံပြ (၆) မိုင် | (၁) စံပြ (၆) မိုင် | (၁) စံပြ (၆) မိုင် | (၁) စံပြ (၆) မိုင် |
| | (၂) ဝမ့်လထွား | | (၂) ဝမ့်လထွား |
| | (၃) ဟိုဖိတ် | | (၃) ဟိုဖိတ် |
| | (၄) ဒေါပိုးစီ | | (၄) ဒေါပိုးစီ |
| | (၅) ဂေါ်ရခါးရွာ | | (၅) ဂေါ်ရခါးရွာ |
| | (၆) ဒေါဘူးငံရယ် | | (၆) ဒေါဘူးငံရယ် |
| | | | (၇) **ဘတ်တလိန်** |
| | | | (၈) **ဇီးဖြူကုန်း** |
| (ခ) ဒေါဘူးကူး | (၁) ဒေါဘူးကူး | (၁) ဒေါဘူးကူး | (၁) ဒေါဘူးကူး |
| | (၂) လောလျားလီ | | (၂) လောလျားလီ |
| | (၃) ဒေါပီတ | | (၃) ဒေါပီတ |
| | (၄) ဒေါပေါ်ကလဲ | | (၄) ဒေါပေါ်ကလဲ |
| | (၅) ဒေါဘူးခို | | (၅) ဒေါဘူးခို |
| | (၆) ဒေါသဲ | | (၆) ဒေါသဲ |
| | (၇) စည်းလင်း | | (၇) စည်းလင်း |
| | | | (၈) **ကြာဖူးဒေါ** |
| (ဂ) ဆောင်ဒူလာ | (၁) ဆောင်ဒူလာ | (၁) ဆောင်ဒူလာ | (၁) ဆောင်ဒူလာ |
| | (၂) အေနောင်ပုလဲ | | (၂) အေနောင်ပုလဲ |
| | (၃) ယူဆမိုဆို | | (၃) ယူဆမိုဆို |
| | (၄) ကွိုင်ငံ | | (၄) ကွိုင်ငံ |
| | (၅) ဆိုဒွဲခူ | | (၅) ဆိုဒွဲခူ |
| | (၆) ငံရိုး | | (၆) ငံရိုး |
| | (၇) ဒေါတဝီ | | (၇) ဒေါတဝီ |
| | (၈) ဆော်ပထန် | | (၈) ဆော်ပထန် |
| | (၉) ခူးပရာပတိုင် | | (၉) ခူးပရာပတိုင် |
| | | | (၁၀) **ကွိုင်ငံရွာသစ်** |

| **မူလ ကျေးရွာအုပ်စု** | **မူလကျေးရွာ** | **ပြုပြင်ဖွဲ့စည်းပြီး ကျေးရွာအုပ်စု** | **ပြုပြင်ဖွဲ့စည်းပြီး ကျေးရွာ** |
|---|---|---|---|
| (ဃ) အိုကေ | (၁) အိုကေ | (၁) အိုကေ | (၁) အိုကေ |
| | (၂) ဒေါ်တဆေး | | (၂) ဒေါ်တဆေး |
| | (၃) ကျွန်းတော | | (၃) ကျွန်းတော |
| | | | (၄) **သာယပ်** |
| (င) ငွေတောင် | (၁) ငွေတောင် | (၁) ငွေတောင် | (၁) ငွေတောင် |
| | (၂) ဒေါ်ဒူ | | (၂) ဒေါ်ဒူ |
| | (၃) ထေးထူဖျ | | (၃) ထေးထူဖျ |
| | (၄) ညောင်ကုန်း | | (၄) ညောင်ကုန်း |
| | (၅) ဒေါင်ရောက် | | (၅) ဒေါင်ရောက် |
| | (၆) ဘုရားငုတ်တို | | (၆) ဘုရားငုတ်တို |
| | (၇) ဒေါ်ကလိုးခူ | | (၇) ဒေါ်ကလိုးခူ |
| | (၈) ဒေါ်ပေါ်ကလဲ | | (၈) ဒေါ်ပေါ်ကလဲ |
| | (၉) ပါဒေါ်ဒူ | | (၉) ပါဒေါ်ဒူ |
| | (၁၀) ဒေါ်ခလိုက်လင်း | | (၁၀) ဒေါ်ခလိုက်လင်း |
| | (၁၁) စိုက်ကွင်း (၂) | | (၁၁) စိုက်ကွင်း (၂) |
| | (၁၂) ငွေတောင်ဆည် | | (၁၂) ငွေတောင်ဆည် |
| | (၁၃) **စိုက်ကွင်း (၁)** | | |
| | (၁၄) **ကျောက်ဆည်ကန်** | | |
| (စ) ဒေါ်ကလောဒူ | (၁) ဒေါ်ကလောဒူ | (၁) ဒေါ်ကလောဒူ | (၁) ဒေါ်ကလောဒူ |
| | (၂) ဒေါ်သဲ | | (၂) ဒေါ်သဲ |
| | (၃) တနီးလာလဲ | | (၃) တနီးလာလဲ |
| | (၄) ဒေါ်တငူး | | (၄) ဒေါ်တငူး |
| | (၅) ဒေါ်တမီး | | (၅) ဒေါ်တမီး |
| | (၆) နန်းဟူးထွေ | | (၆) နန်းဟူးထွေ |
| | (၇) **ဒေါ်ဝယ်မော** | | |
| (ဆ) ဒေါ်တော်ကူး | (၁) ဒေါ်တော်ကူး | (၁) ဒေါ်တော်ကူး | (၁) ဒေါ်တော်ကူး |
| | (၂) ဒေါ်ပေါ်ကူး | | (၂) ဒေါ်ပေါ်ကူး |
| | (၃) ဒေါ်ကလော်ဒူ | | (၃) ဒေါ်ကလော်ဒူ |
| | (၄) ဒေါ်တငူးရွာဟောင်း | | (၄) ဒေါ်တငူးရွာဟောင်း |
| | (၅) ဒေါ်နိုးကူး | | (၅) ဒေါ်နိုးကူး |
| | (၆) ဒေါ်တီပို့ | | (၆) ဒေါ်တီပို့ |
| | (၇) ဒေါ်ဆိုကလော | | (၇) ဒေါ်ဆိုကလော |
| | (၈) ဒေါ်ဆီအီ | | (၈) ဒေါ်ဆီအီ |
| | (၉) ဒေါ်တငူး | | (၉) ဒေါ်တငူး |
| | (၁၀) **ဒေါ်တခေါက်** | | (၁၀) **ဆီပူးကုန်း** |

၄။ အထက်ဖော်ပြပါအတိုင်း ကယားပြည်နယ်၊ လွိုင်ကော်ခရိုင်၊ ဒီးမော့ဆိုမြို့နယ်တွင် ကျေးရွာ (၅) ရွာ တိုးချဲ့ဖွဲ့စည်း၍ ကျေးရွာ (၃) ရွာ ပယ်ဖျက်ပြီး ကျေးရွာ (၁) ရွာ အမည်ပြောင်းလဲဖွဲ့စည်းခြင်းကြောင့် ဒီးမော့ဆိုမြို့နယ်အတွင်း ပါဝင်သည့် မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စု၊ ကျေးရွာများ၏ ဖွဲ့စည်းတည်ရှိမှု ဧရိယာအကျယ်အဝန်းနှင့် နယ်နိမိတ်အလားအလာ သတ်မှတ်ချက်များသည် ဒီးမော့ဆိုမြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၏ အမှုတွဲတွင်ပါရှိသည့်အတိုင်းဖြစ်သည်။

၅။ ကယားပြည်နယ်၊ လွိုင်ကော်ခရိုင်၊ **ဖရူဆိုမြို့နယ်**၊ မိုဆိုကျေးရွာအုပ်စုတွင် **ဒိုမာခိုကျေးရွာ (၁) ရွာ ပယ်ဖျက်**ခြင်းကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည် -

| **မူလ ကျေးရွာအုပ်စု** | **မူလကျေးရွာ** | **ပြုပြင်ဖွဲ့စည်းပြီး ကျေးရွာအုပ်စု** | **ပြုပြင်ဖွဲ့စည်းပြီး ကျေးရွာ** |
|---|---|---|---|
| (က) မိုဆို | (၁) မိုဆို | (၁) မိုဆို | (၁) မိုဆို |
| | (၂) ထီးဒီးကူး | | (၂) ထီးဒီးကူး |
| | (၃) ဒေါကူလယ် | | (၃) ဒေါကူလယ် |
| | (၄) ဒေါခရောက်ခူ | | (၄) ဒေါခရောက်ခူ |
| | (၅) မော်သီဒို | | (၅) မော်သီဒို |
| | (၆) ကူးခူ | | (၆) ကူးခူ |
| | (၇) **ဒိုမာခို** | | |

၆။ အထက်ဖော်ပြပါအတိုင်း ကယားပြည်နယ်၊ လွိုင်ကော်ခရိုင်၊ ဖရူဆိုမြို့နယ်တွင် ကျေးရွာ (၁) ရွာ ပယ်ဖျက်ခြင်းကြောင့် ဖရူဆိုမြို့နယ်အတွင်း ပါဝင်သည့် မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စု၊ ကျေးရွာများ၏ ဖွဲ့စည်းတည်ရှိမှု ဧရိယာအကျယ်အဝန်းနှင့် နယ်နိမိတ်အလားအလာ သတ်မှတ်ချက်များသည် ဖရူဆိုမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ အမှုတွဲတွင်ပါရှိသည့်အတိုင်းဖြစ်သည်။

၇။ ကယားပြည်နယ်၊ ဘောလခဲခရိုင်၊ **ဖားဆောင်းမြို့နယ်အတွင်း** ဖားဆောင်းကျေးရွာအုပ်စုတွင် ဘီဟီထာနှင့် စုစည်းကျေးရွာ၊ မော်ချီးကျေးရွာအုပ်စုတွင် ဒိုမူပယ်နှင့် ရေပူကျေးရွာ၊ ဘဟန်းလော့ကျေးရွာ အုပ်စုတွင် ထီးဝိုနှင့် စလော်ခီးကျေးရွာ၊ စုစုပေါင်းကျေးရွာ **(၆) ရွာ တိုး၍**ဖွဲ့စည်းခြင်းနှင့် ဖားဆောင်းကျေးရွာ အုပ်စုတွင် နန်းဟူးကုန်းကျေးရွာ၊ ဘဟန်းလော့ကျေးရွာအုပ်စုတွင် ရှိုးစတယ်နှင့် ပသာစီးကျေးရွာ၊ မော်ချီး ကျေးရွာအုပ်စုတွင် ဆိုးလိုကျေးရွာ၊ မိုဆာခီးကျေးရွာအုပ်စုတွင် မိုဆားလို၊ ဘောဒေးနှင့် ပယ်လိုကျေးရွာ၊ ကရယ်ခီးကျေးရွာအုပ်စုတွင် ပယ်ဆာခီးကျေးရွာ၊ စုစုပေါင်းကျေးရွာ **(၈) ရွာ ပယ်ဖျက်**ခြင်းတို့ကို အောက်ပါ အတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည် -

| **မူလ ကျေးရွာအုပ်စု** | **မူလကျေးရွာ** | **ပြုပြင်ဖွဲ့စည်းပြီး ကျေးရွာအုပ်စု** | **ပြုပြင်ဖွဲ့စည်းပြီး ကျေးရွာ** |
|---|---|---|---|
| (က) ဖားဆောင်း | (၁) ဖားဆောင်း တောင်ပေါ်ရွာ | (၁) ဖားဆောင်း | (၁) ဖားဆောင်း တောင်ပေါ်ရွာ |
| | (၂) ပါပု | | (၂) ပါပု |
| | (၃) နမ့်ကစ် | | (၃) နမ့်ကစ် |
| | (၄) ခဲဖြူ | | (၄) ခဲဖြူ |
| | (၅) **နန်းဟူးကုန်း** | | (၅) **ဘီဟီထာ** |
| | | | (၆) **စုစည်း** |
| (ခ) ဘဟန်းလော့ | (၁) ဘဟန်းလော့ | (၁) ဘဟန်းလော့ | (၁) ဘဟန်းလော့ |
| | (၂) ယော်တကကြီး | | (၂) ယော်တကကြီး |
| | (၃) ကဖွေဒိုး | | (၃) ကဖွေဒိုး |
| | (၄) ဂီလို (အောက်) | | (၄) ဂီလို (အောက်) |
| | (၅) ဂီလို (အထက်) | | (၅) ဂီလို (အထက်) |
| | (၆) ကဖွေဖိုး | | (၆) ကဖွေဖိုး |
| | (၇) **ရှိုးစတယ်** | | (၇) **ထီးဝို** |
| | (၈) **ပသာစီး** | | (၈) **စလော်ခီး** |

| **မူလ ကျေးရွာအုပ်စု** | **မူလကျေးရွာ** | **ပြုပြင်ဖွဲ့စည်းပြီး ကျေးရွာအုပ်စု** | **ပြုပြင်ဖွဲ့စည်းပြီး ကျေးရွာ** |
|---|---|---|---|
| (ဂ) မော်ချီး | (၁) မော်ချီး (အောက်) | (၁) မော်ချီး | (၁) မော်ချီး (အောက်) |
| | (၂) မော်ချီး တောင်ပေါ်ရွာ | | (၂) မော်ချီး တောင်ပေါ်ရွာ |
| | (၃) လိုခါးလို | | (၃) လိုခါးလို |
| | (၄) တနန်းလော့ | | (၄) တနန်းလော့ |
| | (၅) ပသာခီး | | (၅) ပသာခီး |
| | (၆) စွာပို | | (၆) စွာပို |
| | (၇) ဘူးလော်ပယ် | | (၇) ဘူးလော်ပယ် |
| | (၈) ရွာသဲဒို | | (၈) ရွာသဲဒို |
| | (၉) **ဆွီးလို** | | (၉) **ဒိုမူပယ်** |
| | | | (၁၀) **ရေပူ** |
| (ဃ) **မိုဆာခီး** | (၁) မိုဆာခီး | (၁) မိုဆာခီး | (၁) မိုဆာခီး |
| | (၂) ခုဘောဖို | | (၂) ခုဘောဖို |
| | (၃) ပဲခိုခီး | | (၃) ပဲခိုခီး |
| | (၄) ပယ်ခီး | | (၄) ပယ်ခီး |
| | (၅) စောကွာသီဒို | | (၅) စောကွာသီဒို |
| | (၆) မိုဆာပါဒိုး | | (၆) မိုဆာပါဒိုး |
| | (၇) **မိုဆားလို** | | |
| | (၈) **ဘောဒေး** | | |
| | (၉) **ပယ်လို** | | |
| (င) ကရယ်ခီး | (၁) ကရယ်ခီး | (၁) ကရယ်ခီး | (၁) ကရယ်ခီး |
| | (၂) ဒေးကာခီး | | (၂) ဒေးကာခီး |
| | (၃) ယူဟဲဒေါခို | | (၃) ယူဟဲဒေါခို |
| | (၄) ပဟိုး | | (၄) ပဟိုး |
| | (၅) **ပယ်ဆာခီး** | | |

၈။ အထက်ဖော်ပြပါအတိုင်း ကယားပြည်နယ်၊ ဘောလခဲခရိုင်၊ ဖားဆောင်းမြို့နယ်တွင် ကျေးရွာ (၆) ရွာ တိုးချဲ့ဖွဲ့စည်း၍ ကျေးရွာ (၈) ရွာ ပယ်ဖျက်ခြင်းကြောင့် ဖားဆောင်းမြို့နယ်အတွင်း ပါဝင်သည့် မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စု၊ ကျေးရွာများ၏ ဖွဲ့စည်းတည်ရှိမှု ဧရိယာအကျယ်အဝန်းနှင့် နယ်နိမိတ်အလားအလာ သတ်မှတ်ချက်များသည် ဖားဆောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ အမှုတွဲတွင်ပါရှိသည့်အတိုင်း ဖြစ်သည်။

ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပြည်ထဲရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပြန်ကြားရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

၁၃၇၈ ခုနှစ်၊ နတ်တော်လဆန်း ၁၀ ရက်

(၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်)

အမှတ် ၈၁ ။ ။ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၂၉/၂၀၁၆) ၏ သဘောတူညီချက်အရ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ ရုပ်မြင်သံကြားဌာနခွဲမှ ဦးစီးအရာရှိ လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) ဦးစံဝင်း အား သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို (၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့မှ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၇ ရက်နေ့အထိ) ငြင်းပယ်လိုက်သည်။

အမှတ် ၈၂ ။ ။ အဆိုပါ ငြင်းပယ်ခဲ့သည့် သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို (၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၈ ရက်နေ့မှ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်နေ့အထိ) ခံစားခွင့်ပြုပြီး (၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၂၈) ရက်နေ့ နံနက်ပိုင်းမှစ၍ သက်ပြည့်အငြိမ်းစားခံစားခွင့်ပြုလိုက်သည်။

**(ဝန်ကြီးရုံး)**

၁၃၇၈ ခုနှစ်၊ တပေါင်းလဆန်း ၁၃ ရက်

(၂၀၁၇ ခုနှစ်၊ မတ်လ ၁၀ ရက်)

အမှတ် ၃၇ ။ ။ ၂၀၁၇ ခုနှစ်၊ မတ်လ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေး အမှတ်စဉ် (၇/၂၀၁၇) မှ သဘောတူညီချက်အရ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ စက်မှုဌာနခွဲမှ အင်ဂျင်နီယာမှူး လစာနှုန်း (၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) ဦးမြင့်သောင်း အား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၈၁၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၇ ခုနှစ်၊ မေလ ၂၀ ရက်နေ့မှ ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်နေ့အထိ ခံစားခွင့်ပြုပြီး ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်နေ့ နံနက်ပိုင်းမှစ၍ သက်ပြည့်ပင်စင်ခံစားခွင့်ပြုလိုက်သည်။

ဒေါက်တာဖေမြင့်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပြန်ကြားရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ယဉ်ကျေးမှုဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် ၃၂/၂၀၁၆**

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၃ ရက်

( ၂၀၁၆ ခုနှစ်၊ မတ်လ ၇ ရက် )

ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းလွင်သည် ပုဂံမြို့ဟောင်း၊ တောင်ဘီကျေးရွာ၏အထွက် ယွန်းပညာကောလိပ်၊ ဝန်ထမ်းအိမ်ရာအတွင်းရှိ အမျိုးသမီးအိပ်ဆောင် RC (နှစ်ထပ်ဆောင်) ဆောက်လုပ်နေမှု (၇၀%) ခန့်ပြီးစီးနေခြင်းနှင့်စပ်လျဉ်း၍ တင်ပြစာပေါ်တွင် ဆောင်ရွက်ရန်မှတ်ချက်ပေးမှုမရှိခြင်း၊ အလုပ်တာဝန်များပြားမှု

အကြောင်းပြချက်များဖြင့် ရှောင်လွှဲနေသဖြင့် တာဝန်ယူမှု၊ တာဝန်သိမှု၊ တာဝန်ခံမှုမရှိသည်ကို စုံစမ်းစစ်ဆေးတွေ့ရှိရသဖြင့် နိုင်ငံ့ဝန်ထမ်းဥပဒေ အခန်း (၁၁)၊ ပုဒ်မ (၅၃) (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အခန်း (၁၉)၊ နည်းဥပဒေ (၂၁၀) (က) တို့အရ ၂၀၁၆ ခုနှစ်၊ မတ်လ ၁ ရက်နေ့မှစ၍ အပြစ်ဖော်ပြသတိပေးလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် ၃၃/ ၂၀၁၆

ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက အောက်ဖော်ပြပါ ပုဂ္ဂိုလ် (၂) ဦးသည် ပုဂံမြို့ဟောင်း၊ တောင်ဘီကျေးရွာ၏အထွက် ယွန်းပညာကောလိပ်၊ ဝန်ထမ်းအိမ်ရာအတွင်းရှိ အမျိုးသမီးအိပ်ဆောင် RC (နှစ်ထပ်ဆောင်) ဆောက်လုပ်နေမှု (၇၀%) ခန့် ပြီးစီးနေခြင်းနှင့် စပ်လျဉ်း၍ တင်ပြစာများတွင် တာဝန်ခံအရာထမ်း၏မှတ်ချက်မပါသဖြင့် ဆက်လက် ဆောင်ရွက်ခြင်းမရှိဟု ဆိုသော်လည်း ပြဋ္ဌာန်းထားရှိပြီးသော ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဒေသများ ဆိုင်ရာဥပဒေ၊ နည်းဥပဒေနှင့် လိုက်နာဆောင်ရွက်ရမည့်စည်းကမ်းချက်များအတိုင်း ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းအဆင့်ဆင့်ကို ဆောင်ရွက်ရန် တာဝန်ယူမှု၊ တာဝန်သိမှု၊ တာဝန်ခံမှုမရှိသည်ကို စုံစမ်းစစ်ဆေးတွေ့ရှိရသဖြင့် နိုင်ငံ့ဝန်ထမ်းဥပဒေအခန်း (၁၁)၊ ပုဒ်မ (၅၃) (ခ) (ဂ) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများအခန်း (၁၉)၊ နည်းဥပဒေ (၂၁၀) (ခ) နှင့် (ဂ) တို့အရ ၂၀၁၆ ခုနှစ်၊ မတ်လ ၁ ရက်နေ့မှစ၍ ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြပါ ပြစ်ဒဏ်များကို ချမှတ်လိုက်သည် -

| | | |
|---|---|---|
| (က) | ဦးညိမ်းလွင်<br>ညွှန်ကြားရေးမှူး<br>ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန<br>မြောက်ဦးဌာနခွဲ | နှစ်တိုးလစာ (၁) ကြိမ်ရပ်ဆိုင်းခြင်း |
| (ခ) | ဦးအောင်ကျော်ဇံ<br>လက်ထောက်ညွှန်ကြားရေးမှူး<br>ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန<br>ကမ္ဘာ့အမွေအနှစ်ဒေသများဌာနခွဲ၊ ဟန်လင်းဌာနစု | ရာထူးတိုးမြှင့်ခြင်း (၁) နှစ်ရပ်ဆိုင်းခြင်း |

အပိုဒ်ခွဲ (က) ပါ အရာထမ်းအား နှစ်တိုးလစာရပ်ဆိုင်းခြင်းကြောင့် နောင်ရရန်ရှိသော နှစ်တိုးလစာများ ရွှေ့သွားခြင်း မရှိစေရ။

သက်ဆိုင်ရာအရာထမ်းများအနေဖြင့် အမိန့်စာလက်ခံရရှိသည့်နေ့မှစ၍ (၆) လအတွင်း နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ အယူခံလွှာတင်သွင်းနိုင်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် ၃၇/ ၂၀၁၆

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ တပေါင်းလဆန်း ၆ ရက်
( ၂၀၁၆ ခုနှစ်၊ မတ်လ ၁၄ ရက် )

ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက ညွှန်ကြားရေးမှူး ဦးသန်းဇော်ဦးသည် ဟန်လင်းဌာနစုရှိ Site Museum အဖြစ် ဖွင့်လှစ်ထားသော HL-26 အတွင်း ခင်းကျင်းပြသထားသည့် အရိုးစုရုပ်ကြွင်းပေါ်မှ ကျောက်ကွင်း (Polished Stone Ring) (၁) ခု ခိုးယူခြင်းခံရသည့်ကိစ္စနှင့်ပတ်သက်၍ အောက်ခြေအဆင့်ဆင့်မှစ၍ အထက်ဌာနသို့ အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရန် တင်ပြမှုမှာ နောက်ကျခဲ့ခြင်း၊ ဌာနစုနှင့်ကင်းကွာနေခြင်းကို စုံစမ်းစစ်ဆေးတွေ့ရှိရသဖြင့် နိုင်ငံ့ဝန်ထမ်းဥပဒေ အခန်း (၁၁)၊ ပုဒ်မ (၅၃) (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အခန်း (၁၉)၊ နည်းဥပဒေ (၂၁၀) (က) တို့အရ ၂၀၁၆ ခုနှစ်၊ မတ်လ ၁ ရက်နေ့မှစ၍ အပြစ်ဖော်ပြသတိပေးလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် ၄၂/၂၀၁၆**

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁ ရက်

( ၂၀၁၆ ခုနှစ်၊ မတ်လ ၂၄ ရက် )

ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ ကမ္ဘာ့အမွေအနှစ်ဒေသများဌာနခွဲ၊ ဟန်လင်းဌာနစုမှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကျော်ဇံသည် ဟန်လင်းဌာနစုရှိ Site Museum အဖြစ် ဖွင့်လှစ်ထားသော HL-26 အတွင်း ခင်းကျင်းပြသထားသည့် အရိုးစုရုပ်ကြွင်းပေါ်မှ ကျောက်ကွင်း (Polished Stone Ring) (၁) ခု ခိုးယူခြင်းခံရသည့်ကိစ္စနှင့်ပတ်သက်၍ သတင်းပို့ နောက်ကျခြင်းနှင့် လုံခြုံရေးပိုင်းတွင် လမ်းညွှန်ချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ အားနည်းခြင်းကို စုံစမ်းစစ်ဆေးတွေ့ရှိရသဖြင့် နိုင်ငံ့ဝန်ထမ်းဥပဒေ အခန်း (၁၁)၊ ပုဒ်မ (၅၃) (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အခန်း (၁၉)၊ နည်းဥပဒေ (၂၁၀) (က) တို့အရ ၂၀၁၆ ခုနှစ်၊ မတ်လ ၁ ရက်နေ့မှစ၍ ရာထူးတိုးမြှင့်ခြင်း (၁) နှစ် ရပ်ဆိုင်းသည့်ပြစ်ဒဏ်ချမှတ်လိုက်သည်။

သက်ဆိုင်ရာအရာထမ်းအနေဖြင့် အမိန့်စာလက်ခံရရှိသည့်နေ့မှစ၍ (၆) လအတွင်း နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ အယူခံလွှာတင်သွင်းနိုင်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် ၄၇/၂၀၁၆**

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက်

( ၂၀၁၆ ခုနှစ်၊ မတ်လ ၂၈ ရက် )

ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ အမျိုးသားပြတိုက် (ရန်ကုန်) မှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မီမီသက်နွယ်သည် အမျိုးသားပြတိုက် (ရန်ကုန်) ရှိ Vault ၌ သိမ်းဆည်းထားသော ပစ္စည်းများအနက် ရွှေထည်ပစ္စည်းအမှတ်စဉ် (၁၈)၊ (၁၀၉)၊ (၁၁၀) နှင့် (၃၅၈) စုစုပေါင်း (၄) မျိုး လျော့နည်းပျောက်ဆုံးနေခြင်းအတွက် အချိန်မီသတင်းပေးပို့တင်ပြရန် ပျက်ကွက်ကြောင်း စိစစ်စစ်ဆေးတွေ့ရှိရသဖြင့် နိုင်ငံ့ဝန်ထမ်းဥပဒေ အခန်း (၁၁)၊ ပုဒ်မ (၅၃) (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အခန်း (၁၉)၊ နည်းဥပဒေ (၂၁၀) (က) တို့အရ အပြစ်ဖော်ပြ သတိပေးလိုက်သည်။

အေးမြင့်ကြူ

ပြည်ထောင်စုဝန်ကြီး၊

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊

ယဉ်ကျေးမှုဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၂၃/၂၀၁၆)**

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ နယုန်လပြည့်ကျော် ၂ ရက်

( ၂၀၁၆ ခုနှစ်၊ ဇွန်လ ၂၂ ရက် )

၂၀၁၆ ခုနှစ်၊ ဇွန်လ ၂၀ ရက်နေ့တွင် ကျင်းပပြုလုပ်သော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ (၂/၂၀၁၆) ကြိမ်မြောက်အစည်းအဝေးဆုံးဖြတ်ချက်နှင့် ဌာနဆိုင်ရာစစ်ဆေးတွေ့ရှိချက်များအရ ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင်၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ခရိုင်ဦးစီး

ဌာနမှူး ဒေါက်တာအောင်သူထွန်းသည် တာဝန်ထမ်းဆောင်စဉ်တွင် ရိုင်းပျစွာပြောဆိုပြုမူဆက်ဆံခဲ့ခြင်းကြောင့် နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၅၃ (က) အရ စာဖြင့် သတိပေးခြင်းပြစ်ဒဏ် ချမှတ်လိုက်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၂၄/၂၀၁၆)

၂၀၁၆ ခုနှစ်၊ ဇွန်လ ၂၀ ရက်နေ့တွင် ကျင်းပပြုလုပ်သော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ (၂/၂၀၁၆) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်နှင့် ဌာနဆိုင်ရာ စစ်ဆေးတွေ့ရှိချက်များအရ ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင်၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ မြို့နယ် ဦးစီးဌာနမှူး ဒေါက်တာသိန်းအေးသည် ဝန်ထမ်းစည်းကမ်းဆိုင်ရာပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ကျူးလွန် ခဲ့ခြင်းကြောင့် နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၅၃ (ဂ) အရ ရာထူးတိုးမြှင့်ခန့်ထားရန် အလှည့်ကျရောက်သည့် အချိန်မှစ၍ ရာထူးတိုးမြှင့်ခြင်း (၂) နှစ် ရပ်ဆိုင်းခြင်းပြစ်ဒဏ် ချမှတ်လိုက်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၇၉/၂၀၁၆)

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ နတ်တော်လဆန်း ၁ ရက်

( ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက် )

၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက်နေ့တွင် ကျင်းပပြုလုပ်သော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီမံခန့်ခွဲရေး ကော်မတီ၏ (၇/၂၀၁၆) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက် အရ ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင်၊ ငါးလုပ်ငန်းဦးစီးဌာနမှ ဦးစီးအရာရှိ လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀- ၂၇၀,၀၀၀) ဦးအောင်တင်သည် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၁၆၂ (ဂ) ခန့်အပ်ထားသည့်ရာထူးနှင့်မညီဘဲ လုပ်ရည်ကိုင်ရည်အဆင့်အတန်းမမီခြင်း သို့မဟုတ် အရည်အချင်းညံ့ဖျင်းခြင်း၊ အရည်အသွေးမပြည့်ဝ ခြင်းကြောင့် နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၅၃ (က) အရ စာဖြင့် သတိပေးခြင်းပြစ်ဒဏ် ချမှတ်လိုက်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၈၀/၂၀၁၆)

၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက်နေ့တွင် ကျင်းပပြုလုပ်သော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေး ကော်မတီ၏ (၇/၂၀၁၆) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်) မှ လက်ထောက်ညွှန်ကြားရေးမှူး လစာနှုန်း (၂၈၀,၀၀၀-၄,၀၀၀- ၃၀၀,၀၀၀) ဦးဇင်လင်းထက်သည် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ပုဒ်မ ၁၆၂၊ ပုဒ်မခွဲ (ဃ)နှင့် ပုဒ်မ ၁၆၃၊ ပုဒ်မခွဲ (ဠ) များအရ ဥပဒေနှင့်အညီ ထုတ်ပြန်ထားသည့် အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာရန် ပျက်ကွက်ခြင်းနှင့် သိက္ခာကင်းမဲ့စွာ ပြုမူနေထိုင်ခြင်းတို့ကြောင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ ပုဒ်မ ၂၁၀၊ ပုဒ်မခွဲ (င) အရ ဦးစီးအရာရှိ ရာထူးအဆင့်သို့ (၂) နှစ်လျှော့ချသည့်ပြစ်ဒဏ် ချမှတ်လိုက်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၈၁/၂၀၁၆)

၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက်နေ့တွင် ကျင်းပပြုလုပ်သော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ (၇/၂၀၁၆) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင်၊ ငါးလုပ်ငန်းဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး လစာနှုန်း (၂၈၀,၀၀၀- ၄,၀၀၀-၃၀၀,၀၀၀) ဦးကြည်မိုးသည် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၁၆၁ (ဃ) ခွင့်စည်းကမ်းများကို ဖောက်ဖျက်ပြီး ခွင့်မဲ့ပျက်ကွက်ခြင်း၊ နည်းဥပဒေ ၁၆၃ (ဒ) ဝန်ထမ်းအဖွဲ့အစည်း၊ ဝန်ထမ်းအမျိုးအစားအလိုက်

စောင့်ထိန်းလိုက်နာရန် သတ်မှတ်ထားသည့် အခြားကျင့်ဝတ်နှင့်စည်းကမ်းများကို ဖောက်ဖျက်ခြင်း၊ နည်းဥပဒေ ၁၆၃ (ခ) တာဝန်အရ အထက်အကြီးအမှူးက ဥပဒေနှင့်အညီပေးသည့် အမိန့်ကို ဝန်ထမ်းကိုယ်တိုင်ဖီဆန်ခြင်းတို့ကို ဖောက်ဖျက်ကျူးလွန်ခြင်းကြောင့် ဌာနနှင့်စတင်ကင်းကွာသည့် ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၅၃ (ဇ) အရ ရာထူးမှ ထုတ်ပယ် (Removal) လိုက်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၈၆/၂၀၁၆)

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ နတ်တော်လဆန်း ၈ ရက်

(၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်)

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ သီပေါမြို့နယ်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး လစာနှုန်း (၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) ဦးမျိုးလွင် (ခ) ဦးခိုင်ထွန်း အား ၂၀၁၇ ခုနှစ်၊ မတ်လ ၈ ရက်နေ့မှစ၍ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ခံစားခွင့်ပြုပြီး အသက် (၆၀) နှစ်ပြည့်မည့် ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၈ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၅၆ (က) အရ သက်ပြည့် အငြိမ်းစားယူခွင့်ပြုလိုက်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၈၈/၂၀၁၆)

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ နတ်တော်လဆန်း ၁၄ ရက်

(၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက်)

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ရှမ်းပြည်နယ်၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး၊ ဒေါက်တာစိန်ဝင်း၏ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်နေ့ နံနက်ပိုင်းမှစ၍ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လခံစားခွင့်ပြုရန် လျှောက်ထားခြင်းကို နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ (၂၂) နှင့် နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများ၊ နည်းဥပဒေ (၈၁) တို့အရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

ငြင်းပယ်ခဲ့သော အငြိမ်းစားမယူမီကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၇ ခုနှစ်၊ မေလ ၆ ရက်နေ့ နံနက်ပိုင်းမှစ၍ ခံစားခွင့်ပြုပြီးနောက် ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၅၆ (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစားယူခွင့်ပြုလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် ၄၄/၂၀၁၆

၁၃၇၈ ခုနှစ်၊ ပြာသိုလဆန်း ၂ ရက်

( ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက် )

စစ်ကိုင်းတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး လစာနှုန်း (၃၁၀,၀၀၀-၄၀၀၀-၃၃၀,၀၀၀) ဦးမျိုးမြင့်နိုင်သည် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ၊ (၁၆၃)၊ နည်းဥပဒေခွဲ (ဃ)၊ (ဆ)၊ (ဇ) ပါ ပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ကျူးလွန်ခဲ့သည့်အတွက် ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် ကျင်းပပြုလုပ်သော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး အမှတ်စဉ် (၈/၂၀၁၆) ၏ဆုံးဖြတ်ချက်နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ (၂၁၀)၊ နည်းဥပဒေခွဲ (ခ) အရ ၎င်းအား နှစ်တိုးစေ့ရောက်သည့်ရက်မှစ၍ နှစ်တိုး (၁) ကြိမ် (နောင်ရရှိမည့်နှစ်တိုးများ ရွှေ့လျားစေလျက်) ရပ်ဆိုင်းသည့်ပြစ်ဒဏ်ကို ချမှတ်လိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၇)**

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ ပြာသိုလဆန်း ၅ ရက်

(၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနသည် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက်စွဲပါ စာအမှတ် ၂/၃-၃/၇ ဦး ၆ (၄၄၉၂) ပါ ညှိနှိုင်းချက်နှင့် ပြည်ထဲရေးဝန်ကြီးဌာန၏ ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၀ ရက်စွဲပါ စာအမှတ်၊ ပထရ/၂-၃ (၉၅၈)/ထောက် ၂ ပါ အတည်ပြုချက်အရ မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ ငါန်းဇွန်မြို့နယ်အတွင်းရှိ မြို့သာစက်မှုဥယျာဉ်နှင့် မြင်းခြံမြို့နယ်အတွင်းရှိ ဆီမီးခုံ (ဧရာဝတီ) ဆိပ်ကမ်း ဧရိယာများအတွင်း ရင်းနှီးမြှုပ်နှံမှုများ ဖွံ့ဖြိုးတိုးတက်စေရန် စက်မှုမြေငှားဂရန်များ ထုတ်ပေးနိုင်ရေးအတွက် ဂရန်အမှုတွဲများတည်ဆောက်ရာတွင် လိုအပ်သည့်မြေစာရင်းပုံစံ (၁၀၅) အား (၆၄) လက်မ (၁) မိုင်စကေးဖြင့် ရေးဆွဲနိုင်ရေး မြေတိုင်းတာခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ၁၈၈၀ ခုနှစ်၊ မြန်မာနိုင်ငံတော် မြေနယ်သတ် အက်ဥပဒေ (The Burma Boundary Act 1880) ၏ ပုဒ်မ (၂) အရ ငါန်းဇွန်မြို့နယ်နှင့် မြင်းခြံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ **မြို့နယ်အုပ်ချုပ်ရေးမှူး**တို့အား **နယ်နိမိတ်သတ်မှတ်ရေးအရာရှိ (Boundary Officer)** အဖြစ်လည်းကောင်း ငါန်းဇွန်မြို့နယ်နှင့် မြင်းခြံမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာန၊ **မြို့နယ်ဦးစီးဌာနမှူး**တို့အား **နယ်နိမိတ်ကြပ်မတ်ရေးအရာရှိ (Demarcation Officer)** အဖြစ် လည်းကောင်း သတ်မှတ်တာဝန်ပေးခန့်အပ်လိုက်သည်။

ဒေါက်တာအောင်သူ၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမိန့်အမှတ် (၁၄၉/၂၀၁၆)**

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ နယုန်လဆန်း ၉ ရက်

( ၂၀၁၆ ခုနှစ်၊ ဇွန်လ ၁၄ ရက် )

၂၀၁၆ ခုနှစ်၊ ဇွန်လ ၆ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁/၂၀၁၆) ၏ သဘောတူဆုံးဖြတ်ချက်အရ မြန်မာ အမျိုးသားလေကြောင်း ပျံသန်းမှုလုပ်ငန်းဌာနမှ လစာနှုန်း (၃၈၀,၀၀၀-၄,၀၀၀-၄၀၀,၀၀၀) တန်းဝင် လေယာဉ်မှူး ဦးလှမိုးနိုင် (လရ-၄၃၀၆) အား ပျံသန်းမှုဆိုင်ရာသင်တန်းများအတွက် ကုန်ကျခဲ့သည့် သင်တန်းကုန်ကျစရိတ် (၂၃,၇၅၇,၅၅၄/-) ၏ ၅၀% ဖြစ်သော (၁၁,၈၇၈,၇၇၇/-) ကို ပေးလျော်စေပြီး ၎င်း၏ကိုယ်တိုင်လျှောက်ထားချက်အရ ဌာနမှ မည်သည့်အကျိုးခံစားခွင့်ကိုမျှ ရယူခံစားခြင်းမပြုဘဲ ၂၀၁၆ ခုနှစ်၊ မေလ ၁ ရက်နေ့ နံနက်ပိုင်းမှစ၍ အလုပ်မှနုတ်ထွက်ခွင့်ပြုလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၈၆/၂၀၁၆)**

၁၃၇၈ ခုနှစ်၊ တော်သလင်းလဆန်း ၅ ရက်

( ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၆ ရက် )

၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၄/၂၀၁၆) ဆုံးဖြတ်ချက်အရ မြန်မာ့မီးရထားမှ အင်ဂျင်နီယာမှူး (ဆက်သွယ်ရေး) လစာနှုန်း (၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) ဦးဝင်းကိုကိုသည် တည်ဆဲအမိန့်ညွှန်ကြားချက်၊ စည်းမျဉ်းစည်းကမ်းများအား လိုက်နာရန်ပျက်ကွက်သည့်အပြင် တာဝန်အရအပ်နှင်းထားသည့်လုပ်ပိုင်ခွင့်ကိုအသုံးပြု၍ ဆောင်ရွက်ရန်ရှိသည့်ငွေကြေးအပါအဝင် အကျိုးခံစားခွင့်တစ်ခုခုကို တောင်းခံခြင်း၊ ရယူခြင်းနှင့် စီမံဆောင်ရွက်ခြင်း၊ လုပ်ငန်းနှင့်ပတ်သက်သည့်ငွေကို ကိုယ်ကျိုးအတွက်ရယူခြင်း၊ Monthly Fluctuation Advance (MFA) ငွေများကို ရာခိုင်နှုန်းသတ်မှတ်ဖြတ်တောက်ခြင်း၊ ထိုသို့ဖြတ်တောက်မှုကြောင့် နယ်ခွဲအလိုက် အငယ်တန်းအင်ဂျင်နီယာ၏လုပ်ငန်းများကို စီမံချက်ပါအတိုင်း မဆောင်ရွက်နိုင်ခြင်း၊ ခွဲဝေရရှိထားသော ဘဏ္ဍာရန်ပုံငွေကို စနစ်တကျသုံးစွဲမှုမပြုခြင်း၊ နိုင်ငံပိုင်ပစ္စည်းများနှင့် ဘဏ္ဍာငွေများ လေလွင့်ဆုံးရှုံးမှုမဖြစ်စေရေးအတွက် ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ သုံးစွဲရန်ဖြစ်သော်လည်း ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်၊ Monthly Fluctuation Advance (MFA) ထဲမှ အကြောင်းအမျိုးမျိုးကြောင့် (၅၀) ရာခိုင်နှုန်းဖြတ်တောက်၍ ကျန် (၅၀) ရာခိုင်နှုန်းဖြင့် နယ်ခွဲများသို့ လုပ်ငန်းဆောင်ရွက်စေခြင်းတို့တွင် တာဝန်ရှိမှုအရ ၎င်းအား ရာထူးမှထုတ်ပယ် (Removal) လိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၈၇/၂၀၁၆)**

၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၄/၂၀၁၆) ဆုံးဖြတ်ချက်အရ မြန်မာ့မီးရထားမှ ဒုတိယအထွေထွေမန်နေဂျာ (ဆက်သွယ်ရေး) လစာနှုန်း (၃၄၀,၀၀၀-၄,၀၀၀-၃၆၀,၀၀၀) ဦးခင်မောင်သိန်းသည် Monthly Fluctuation Advance (MFA) လုပ်ငန်းများနှင့်ပတ်သက်၍ နိုင်ငံပိုင်ပစ္စည်းများနှင့် ဘဏ္ဍာငွေများ လေလွင့်ဆုံးရှုံးမှုမဖြစ်စေရေး၊ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ သုံးစွဲရန်ဖြစ်သော်လည်း လက်အောက်မှ လိုက်နာရန်ပျက်ကွက်မှုပေါ်ပေါက်ခဲ့သဖြင့် တာဝန်ရှိပြီး ကွင်းဆင်းစစ်ဆေးမှုမပြုခြင်း၊ စီမံခန့်ခွဲမှုအားနည်းခြင်းတို့ကြောင့် ၎င်းအား စာဖြင့်သတိပေးခြင်း ပြစ်ဒဏ်ချမှတ်လိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၈၈/၂၀၁၆)**

၁၃၇၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၄ ရက်

( ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက် )

၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၄/၂၀၁၆) ဆုံးဖြတ်ချက်အရ မြန်မာ့မီးရထားမှ လက်ထောက်အင်ဂျင်နီယာ (ဆက်သွယ်ရေး) (အင်ဂျင်နီယာမှူး တစ်ဆင့်မြင့်တာဝန်) လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) ဦးဝင်းကိုကိုသည် တည်ဆဲအမိန့်ညွှန်ကြားချက်၊ စည်းမျဉ်းစည်းကမ်းများအား လိုက်နာရန်ပျက်ကွက်သည့်အပြင် တာဝန်အရအပ်နှင်းထားသည့်လုပ်ပိုင်ခွင့်ကို အသုံးပြု၍ ဆောင်ရွက်ရန်ရှိသည့်ငွေကြေးအပါအဝင် အကျိုးခံစားခွင့်တစ်ခုခုကို တောင်းခံခြင်း၊ ရယူခြင်းနှင့် စီမံဆောင်ရွက်ခြင်း၊ လုပ်ငန်းနှင့်

ပတ်သက်သည့်ငွေကို ကိုယ်ကျိုးအတွက်ရယူခြင်း၊ Monthly Fluctuation Advance (MFA) ငွေများကို ရာခိုင်နှုန်းသတ်မှတ်ဖြတ်တောက်ခြင်း၊ ထိုသို့ဖြတ်တောက်မှုကြောင့် နယ်ခွဲအလိုက် အငယ်တန်း အင်ဂျင်နီယာ၏လုပ်ငန်းများကို စီမံချက်ပါအတိုင်း မဆောင်ရွက်နိုင်ခြင်း၊ ခွဲဝေရရှိထားသော ဘဏ္ဍာရန်ပုံငွေကို စနစ်တကျသုံးစွဲမှုမပြုခြင်း၊ နိုင်ငံပိုင်ပစ္စည်းများနှင့် ဘဏ္ဍာငွေများ လေလွင့်ဆုံးရှုံးမှု မဖြစ်စေရေးအတွက် ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ သုံးစွဲရန်ဖြစ်သော်လည်း ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်၊ Monthly Fluctuation Advance (MFA) ထဲမှအကြောင်းအမျိုးမျိုးကြောင့် (၅၀) ရာခိုင်နှုန်း ဖြတ်တောက်၍ ကျန် (၅၀) ရာခိုင်နှုန်းဖြင့် နယ်ခွဲများသို့ လုပ်ငန်းဆောင်ရွက်စေခြင်းတို့တွင် တာဝန်ရှိမှုအရ ၎င်းအား ဆုံးရှုံးမှု တန်ဖိုးငွေ (၅,၇၇၉,၀၀၀ိ/-) ၏ (၄၀) ရာခိုင်နှုန်းဖြစ်သည့် ငွေ (၂,၃၁၁,၆၀၀ိ/-) အား ပေးလျော်စေ၍ ရာထူးမှထုတ်ပယ် (Removal) လိုက်သည်။

ဤဝန်ကြီးဌာန၏ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၈၆/၂၀၁၆) အား ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် ၃၆/၂၀၁၆

၁၃၇၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၃ ရက်

(၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက်)

၁။ ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၆/၂၀၁၆) ၏ ဆုံးဖြတ်ချက်အရ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး (ဆက်သွယ်ရေး) ရှိ ဝန်ကြီးဌာနတွင်း စာရင်းစစ်နှင့်ဘဏ္ဍာရေးဌာနခွဲမှ လစာနှုန်း (၃၄၀,၀၀၀ိ-၄,၀၀၀ိ-၃၈၀,၀၀၀ိ) ကျပ်တန်းဝင် လက်ထောက်အတွင်းဝန် (ညွှန်ကြားရေးမှူး) ဒေါ်ခင်မြတ်သက်၏ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်နေ့မှစ၍သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ခံစားခွင့်ပြုပါရန် လျှောက်ထားလာခြင်းအား နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၂၂ နှင့် နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများ၏ နည်းဥပဒေ ၈၁ တို့အရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

၂။ လစာနှုန်း (၃၄၀,၀၀၀ိ-၄,၀၀၀ိ-၃၈၀,၀၀၀ိ) တန်းဝင် လက်ထောက်အတွင်းဝန် (ညွှန်ကြားရေးမှူး) ဒေါ်ခင်မြတ်သက်အား ငြင်းပယ်ထားသည့် သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၏ နည်းဥပဒေ ၈၁ တွင် ပြဋ္ဌာန်းထားသည့်အတိုင်း ၂၀၁၇ ခုနှစ်၊ ဧပြီလ ၂၁ ရက်နေ့မှစ၍ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်နေ့အထိ ခံစားစေပြီး ယင်းခွင့်ရက်များ ကုန်ဆုံးသည့်နေ့၏ နောက်တစ်နေ့ဖြစ်သော ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၁ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၅၆၊ ၅၇ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၏ နည်းဥပဒေ ၂၃၃ (က) တို့အရ ပြည်သူ့ဝန်ထမ်းအဖြစ်မှ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမိန့်အမှတ် (၂၇၉/၂၀၁၆)

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၅ ရက်

( ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက် )

၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၁၅/၂၀၁၆) ၏ အတည်ပြုဆုံးဖြတ်ချက်အရ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ လေကြောင်းပညာသိပ္ပံတွင် တာဝန်ထမ်းဆောင်လျက်ရှိသော လစာနှုန်း (၃၁၀,၀၀၀ိ-၄,၀၀၀ိ-၃၃၀,၀၀၀ိ) တန်းဝင် ဒုတိယဌာနမှူး (အုပ်ချုပ်/စီမံ) ဦးကျော်သိန်းဆိုင် အား

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ဝန်ကြီးရုံး၊ ဝန်ထမ်းရေးရာမှတ်တမ်းဌာန၌ လစ်လပ်လျက်ရှိသည့် လစာနှုန်းတူ ဒုတိယညွှန်ကြားရေးမှူး ရာထူးနေရာသို့ ၎င်း၏တာဝန်ဝတ္တရားများ စတင်စွန့်လွှတ်သည့်နေ့မှစ၍ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခွင့်ပြုလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမိန့်အမှတ် (၄/၂၀၁၇)

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ ပြာသိုလဆန်း ၁၅ ရက်

(၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်)

၁။ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁/၂၀၁၇) ၏ သဘောတူဆုံးဖြတ်ချက်အရ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၊ ဝန်ကြီးဌာနတွင်းစာရင်းစစ်နှင့် ဘဏ္ဍာရေးဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး လစာနှုန်း (၃၁၀,၀၀၀-၄,၀၀၀-၃၃၀,၀၀၀) ဒေါ်သဇင်လှအား နိုင်ငံ့ဝန်ထမ်း ဥပဒေပုဒ်မ (၂၂) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အခန်း (၈)၊ နည်းဥပဒေ (၈၁) ပါ ပြဋ္ဌာန်းချက်များ အရ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လ ခံစားခွင့်ကို ၂၀၁၇ ခုနှစ်၊ မတ်လ ၁ ရက်နေ့မှ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၉ ရက်နေ့အထိ ခံစားခွင့်ပြုလိုက်သည်။

၂။ ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၁၇ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့မှစ၍ ၎င်းအား နိုင်ငံ့ဝန်ထမ်း ဥပဒေပုဒ်မ (၅၆)၊ ပုဒ်မခွဲ (က)၊ ပုဒ်မ (၅၇) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ (၂၃၃)၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစားယူခွင့်ပြုသည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမိန့်အမှတ် (၅/၂၀၁၇)

၁။ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁/၂၀၁၇) ၏ သဘောတူဆုံးဖြတ်ချက်အရ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ လေကြောင်းပျံသန်းမှုလမ်းညွှန်ထိန်းသိမ်းရေးဌာနခွဲမှ မန်နေဂျာ (လေကြောင်းထိန်း) လစာနှုန်း (၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) ဦးသက်ထွန်းအား နိုင်ငံ့ဝန်ထမ်း ဥပဒေပုဒ်မ (၂၂) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အခန်း (၈)၊ နည်းဥပဒေ (၈၁) ပါ ပြဋ္ဌာန်းချက်များ အရ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လ ခံစားခွင့်ကို ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်နေ့မှ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၀ ရက်နေ့အထိ ခံစားခွင့်ပြုလိုက်သည်။

၂။ ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၁ ရက်နေ့မှစ၍ ၎င်းအား နိုင်ငံ့ဝန်ထမ်း ဥပဒေပုဒ်မ (၅၆)၊ ပုဒ်မခွဲ (က)၊ ပုဒ်မ (၅၇) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ (၂၃၃)၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစားယူခွင့်ပြုသည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမိန့်အမှတ် (၆၇/၂၀၁၇)

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက်

(၂၀၁၇ ခုနှစ်၊ မတ်လ ၂၀ ရက်)

၂၀၁၇ ခုနှစ်၊ မတ်လ ၈ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၃/၂၀၁၇) ၏ သဘောတူဆုံးဖြတ်ချက်အရ မြန်မာနိုင်ငံ

ကုန်သွယ်ရေးကြောင်းကောလိပ်၊ ရူပဗေဒဌာနမှ လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) လက်ထောက်ကထိက ဒေါက်တာအေးကြည်မြင့်အား ယင်းဌာနခွဲတွင် လစ်လပ်လျက်ရှိသော လစာနှုန်း (၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) ကထိက ရာထူးနေရာသို့ ၂၀၁၇ ခုနှစ်၊ မတ်လ ၈ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

သန့်စင်မောင်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန**

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၀၁၀/၂၀၁၆)**

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ ပြာသိုလဆန်း ၁၂ ရက်

(၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်)

**ဖွေပါးတောင်အမျိုးသားဥယျာဉ်အဖြစ် သတ်မှတ်ရန် ရည်ရွယ်ကြောင်းကြေညာခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ၁၉၉၄ ခုနှစ်၊ ဇွန်လတွင်ထုတ်ပြန်သည့် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေး ဥပဒေပုဒ်မ-၈၊ ပုဒ်မခွဲ-(ဃ) အရ အပ်နှင်းထားသည့်အခွင့်အာဏာများကို ကျင့်သုံးလျက် ချင်းပြည်နယ်၊ ဟားခါးခရိုင်၊ ဟားခါးမြို့နယ်နှင့် ထန်တလန်မြို့နယ်အတွင်းကျရောက်နေသည့် အကျယ်အဝန်း (၃၀၀၀၀) ဧက၊ (၄၆. ၈၇၅) စတုရန်းမိုင်ရှိ မြေကို သဘာဝဝန်းကျင်နှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းကာကွယ်ရန်အလို့ငှာ **ဖွေပါးတောင် အမျိုးသား ဥယျာဉ်** အဖြစ် ၁၃၇၇ ခုနှစ်၊ ပြာသိုလဆန်း ၁၂ ရက်၊ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်မှစတင်၍ သတ်မှတ်ရန်ရည်ရွယ်ကြောင်း ကြေညာလိုက်သည်။

**နယ်နိမိတ်အလားအလာဖော်ပြချက်**

၁။ နယ်နိမိတ်လားရာဖော်ပြချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည် -

မြောက်ဘက် ။ ။ ခန့်မှန်းမြေပုံအညွှန်း (EV-474962) မှအစပြု၍ အရှေ့မြောက်စူးစူးသို့ (၁၈၀၀) မီတာခန့် လားရာ ခန့်မှန်းမြေပုံအညွှန်း (EV-478973) တွင် (၂၁၃၁) မီတာမြင့်သော တောင်ကုန်း အထိ၊ ထိုမှ အရှေ့စူးစူးသို့ (၈၀၀) မီတာခန့်လားရာ ခန့်မှန်းမြေပုံအညွှန်း (EV-487973) အထိ၊ ထိုမှအရှေ့တောင်ဘက်စူးစူးသို့ မီတာ (၇၀၀) ခန့်ဆင်းလာရာ ခန့်မှန်းမြေပုံအညွှန်း (EV-490967) တွင် ဖန်ဇာန်ချောင်းအထိ။

အရှေ့ဘက် ။ ။ ထိုမှ ဖန်ဇာန်ချောင်းကိုဖြတ်၍ တောင်ဘက်သို့ မီတာ (၃၅၀၀) ခန့်ဆင်းလာရာ ခန့်မှန်း မြေပုံညွှန်း (EV-498932) အထိ၊ ထိုမှ အနောက်ဘက်သို့ တောင်ယာဧရိယာ နယ်နိမိတ် လမ်းအတိုင်း မီတာ (၅၀၀) ခန့်တက်လာရာ ခန့်မှန်းမြေပုံအညွှန်း (EV-496930) အထိ၊ ထိုမှ တောင်ယာဧရိယာ အနောက်ဘက်နယ်နိမိတ်အတိုင်း တောင်ဘက်သို့ မီတာ (၁၈၀၀) ခန့်ဆင်းလာရာ ခွာအာန်နှာချောင်းကိုဖြတ်ပြီး ခန့်မှန်းမြေပုံအညွှန်း (EV-498923) အထိ၊ ထိုမှ အရှေ့ဘက်သို့ မီတာ (၅၀၀) ခန့်ဆင်းလာရာ ခန့်မှန်းမြေပုံအညွှန်း (EV-503922) အထိ၊ ထိုမှ ချောင်းလက်တက်ကိုဖြတ်ပြီး တောင်ဘက်သို့ မီတာ (၄၂၀၀) ခန့်ဆင်းလာရာ

ခန့်မှန်းမြေပုံအညွှန်း (EV-513860) အထိ၊ ထိုမှ တောင်ဘက်စူးစူးသို့ မီတာ (၉၀၀၀) ခန့်ဆင်းလာရာ ခန့်မှန်းမြေပုံအညွှန်း (EV-514769) အထိ၊ ထိုမှ အရှေ့တောင်ထောင့်ယွန်းယွန်းသို့ ဗွေနုမြစ်လက်တက်များအားဖြတ်၍ မီတာ (၁၅၀၀) ခန့်လားရာ ခန့်မှန်းမြေပုံအညွှန်း (EV-518753) အထိ၊ ထိုမှ အရှေ့တောင်စူးစူးသို့ ဗွေနုမြစ်လက်တက်များနှင့် တောင်ကုန်းအမြင့် မီတာ (၂၁၂၆) အားဖြတ်၍ (၃၂၅၀) မီတာသို့လားရာ ခန့်မှန်းမြေပုံအညွှန်း (EV-540730) အထိ၊ ထိုမှ အရှေ့တောင်ထောင့်၊ တောင်ယွန်းယွန်းသို့ ဒေါင်ဖားချောင်းလက်တက်ကိုဖြတ်၍ (၁၅၀၀) မီတာသို့လားရာ ဒေါင်ဖားချောင်းနှင့်ဆုံရာ ခန့်မှန်းမြေပုံအညွှန်း (EV-546716) အထိ၊ ထိုမှ အရှေ့တောင်စူးစူးသို့ (၃၇၅၀) မီတာသို့လားရာ စီလင်းချောင်းနှင့်ဆုံရာ ခန့်မှန်းမြေပုံအညွှန်း (EV-570688) အထိ၊ ထိုမှ အရှေ့တောင်စူးစူးသို့ (၃၇၀၀) မီတာသို့လားရာ ခန့်မှန်းမြေပုံအညွှန်း (EV-588653) အထိ၊ ထိုမှ တောင်စူးစူးသို့ (၂၂၅၀) မီတာသို့လားရာ ခန့်မှန်းမြေပုံအညွှန်း (EV-586630) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ (၂၂၀၀) မီတာခန့်လားရာ ခန့်မှန်းမြေပုံအညွှန်း (EV-582607) လိုတော့ချောင်းအထိ၊ ထိုမှ တောင်ဘက်စူးစူးသို့ (၅၀၀၀) မီတာခန့်လားရာ ခန့်မှန်းမြေပုံအညွှန်း (EV-583566) ငါန်းချောင်းအထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ (၃၇၅၀) မီတာခန့်လားရာ ခန့်မှန်းမြေပုံအညွှန်း (EV-593250) အထိ၊ ထိုမှ တောင်စူးစူးသို့ (၁၂၅၀) မီတာခန့်လားရာ ခန့်မှန်းမြေပုံအညွှန်း (EV-593507) အထိ၊

တောင်ဘက် ။ ။ ခန့်မှန်းမြေပုံအညွှန်း (EV-593507) မှအစပြု၍ အနောက်မြောက်ထောင့် အနောက်ယွန်းယွန်းသို့ (၅၀၀၀) မီတာသို့လားရာ ခန့်မှန်းမြေပုံအညွှန်း (EV-548519)၊ ထိုမှ အနောက်တောင်စူးစူးသို့ ဇိုပိချောင်းကိုဖြတ်၍ (၅၂၅၀) မီတာသို့လားရာ ခန့်မှန်းမြေပုံအညွှန်း (EV-532497) အထိ၊ ထိုမှ အနောက်တောင်ထောင့် အနောက်ယွန်းယွန်းသို့ ဗွေနုမြစ်လက်တက်ကိုဖြတ်၍ (၃၀၀၀) မီတာသို့လားရာ ခန့်မှန်းမြေပုံအညွှန်း (EV-507508) အထိ။

အနောက်ဘက် ။ ။ ခန့်မှန်းမြေပုံအညွှန်း (EV-507508) မှအစပြု၍ အရှေ့မြောက်ထောင့် မြောက်ယွန်းယွန်းသို့ (၂၃၀၀) မီတာသို့လားရာ ခန့်မှန်းမြေပုံအညွှန်း (EV-508533) အမြင့်ပေ (၂၀၂၃) မီတာမြင့်သော တောင်ကုန်းအထိ၊ ထိုမှ အရှေ့မြောက်ထောင့်ယွန်းယွန်းသို့ (၇၇၅၀) မီတာသို့လားရာ ခန့်မှန်းမြေပုံအညွှန်း (EV-530610) အထိ၊ ထိုမှ အနောက်မြောက်ထောင့် မြောက်စူးစူးသို့ (၃၅၀၀) မီတာသို့လားရာ ခန့်မှန်းမြေပုံအညွှန်း (EV-527646) အထိ၊ ထိုမှ ထန်ဟောရ်ချောင်း၏ အရှေ့ဘက်မှစီးဝင်သောချောင်းလက်တက်ကိုဖြတ်၍ အနောက်မြောက်ထောင့်စူးစူးသို့ (၃၇၅၀) မီတာသို့လားရာ ခန့်မှန်းမြေပုံအညွှန်း (EV-510680) အထိ၊ ထိုမှ အနောက်မြောက်ထောင့် မြောက်စူးစူးဘက်သို့ ထန်ဟောရ်ချောင်းလက်တက်ကိုဖြတ်၍ (၅၅၀၀) မီတာသို့လားရာ ခန့်မှန်းမြေပုံအညွှန်း (EV-498730) အထိ၊ ထိုမှ အနောက်မြောက်ထောင့် မြောက်စူးစူးသို့ မီတာ (၄၀၀၀) ခန့်သို့လားရာ ခန့်မှန်းမြေပုံအညွှန်း (EV-487769) တွင် အမြင့်ပေ (၂၄၁၂) မီတာမြင့်သော တောင်ကုန်းအထိ၊ ထိုမှ အနောက်မြောက်ထောင့် မြောက်စူးစူးသို့ (၁၇၅၀) မီတာခန့်လားရာ ခန့်မှန်းမြေပုံအညွှန်း (EV-483787) အထိ၊ ထိုမှ မြောက်ဘက်စူးစူးသို့ ထန်ဟောရ်ချောင်းသို့ အရှေ့ဘက်မှစီးဝင်သည့် ချောင်းလက်တက်များကိုဖြတ်၍ (၅၀၀၀) မီတာသို့လားရာ ခန့်မှန်းမြေပုံအညွှန်း (EV-483837) အထိ၊ ထိုမှ မြောက်ဘက်စူးစူးသို့ (၄၂၀၀) မီတာ ခန့်လားရာ ခန့်မှန်းမြေပုံအညွှန်း (EV-484880) အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ မီတာ (၈၀၀) ခန့်လားရာ ခန့်မှန်းမြေပုံအညွှန်း (EV-481930) ဟားခါးနှင့် ထန်တလန်မြို့နယ် နယ်နိမိတ်ဆုံရာအထိ၊ ထိုမှ မြို့နယ်နယ်နိမိတ်လမ်းအတိုင်း မြောက်ဘက်သို့ မီတာ (၃၀၀၀) ခန့်လားရာ ခန့်မှန်းမြေပုံအညွှန်း (EV-4769959) အထိ၊ ထိုမှ အနောက်ဘက်သို့ မီတာ (၃၀၀) ခန့်လားရာ မူလအစပြုရာ ခန့်မှန်းမြေပုံအညွှန်း (EV-474962) အထိ၊

**တားမြစ်ချက်များ**

၂။ ဖွေပါးတောင်အမျိုးသားဥယျာဉ်အဖြစ် တည်ထောင်ရန်ရည်ရွယ်သည့် နယ်မြေအတွင်း အောက်ဖော်ပြပါ တားမြစ်ချက်များကို မပြုလုပ်ရန်တားမြစ်လိုက်သည် -

(က) ကျူးကျော်ဝင်ရောက်နေထိုင်ခြင်း၊

(ခ) အမျိုးသားဥယျာဉ်နယ်မြေအတွင်း အဆိပ်အတောက်ဖြစ်စေသော ပစ္စည်းကိုဖြစ်စေ၊ ဓာတ်သတ္တု အညစ်အကြေးကိုဖြစ်စေ လက်ဝယ်ထားခြင်း သို့မဟုတ် စွန့်ပစ်ခြင်း၊

(ဂ) အမျိုးသားဥယျာဉ်နယ်မြေအတွင်း ရေထု၊ လေထုကို တမင်ညစ်ညမ်းစေခြင်း၊ ရေစီး ရေလာပျက်စီး စေခြင်း သို့မဟုတ် ရေတွင် အဆိပ်ခတ်ခြင်း၊

(ဃ) ကာကွယ်ထားသည့် တိရစ္ဆာန်များအပါအဝင် မည်သည့်တောရိုင်းတိရစ္ဆာန်ကိုမျှ အမျိုးသားဥယျာဉ် နယ်မြေအတွင်း ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း သို့မဟုတ် အနာတရဖြစ်စေခြင်း၊ ယင်း တောရိုင်း တိရစ္ဆာန်ကိုဖြစ်စေ၊ ၎င်း၏အစိတ်အပိုင်းကိုဖြစ်စေ လက်ဝယ်ထားခြင်း၊ ရောင်းချခြင်း၊ သယ်ဆောင်ခြင်း သို့မဟုတ် လွှဲပြောင်းခြင်းလုံးဝမပြုလုပ်ရ။

(င) အမျိုးသားဥယျာဉ်နယ်မြေအတွင်း မည်သည့်သဘာဝအပင်ကိုမဆို ခုတ်ယူခြင်း၊ စုဆောင်းခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့်ဖျက်ဆီးခြင်း၊ လက်ဝယ်ပိုင်ဆိုင်ခြင်း လုံးဝမပြုလုပ်ရ၊

(စ) အမျိုးသားဥယျာဉ်နယ်မြေအတွင်း သက်ရှိသက်မဲ့ ဖွဲ့စည်းမှုကိုဖြစ်စေ၊ သဘာဝအနေအထား အတိုင်း တစ်ခုခုကိုဖြစ်စေ ဖျက်ဆီးခြင်း၊

(ဆ) လူတို့မွေးမြူထားသောတိရစ္ဆာန်ကို စားကျက်ချခြင်း၊ လွှတ်ကျောင်းခြင်း သို့မဟုတ် ကျူးကျော် ဝင်ရောက်စေခြင်း၊

(ဇ) မြေကို တူးဆွခြင်း၊ ထွန်ယက်စိုက်ပျိုးခြင်း သို့မဟုတ် လုပ်ငန်းတစ်ခုခုလုပ်ကိုင်ခြင်း၊

(ဈ) အများပြည်သူကြည့်ရှုလေ့လာ အပန်းဖြေခွင့်ပြုထားသော နေရာများမှအပ တားမြစ်ထားသော နေရာသို့ ခွင့်ပြုချက်မရှိဘဲ ကျူးကျော်ဝင်ရောက်ခြင်း၊

(ည) အမျိုးသားဥယျာဉ်နယ်မြေအတွင်း မီးကူးစက်ပြန့်ပွားစေနိုင်သော မီးမွှေးခြင်း၊ မီးဖိုခြင်း၊ မီးသယ်ယူခြင်း သို့မဟုတ် မီးကြွင်းမီးကျန်ထားရှိခြင်း။

**ပဏာမစိစစ်ရေးအဖွဲ့**

၃။ အမျိုးသားဥယျာဉ်အဖြစ် သတ်မှတ်တည်ထောင်မည့် နယ်မြေရှိ အများပြည်သူတို့၏ အခွင့်အရေး ထိခိုက်နစ်နာမှုများကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ စုံစမ်းစစ်ဆေးနိုင်ရန်နှင့် နယ်မြေသတ်မှတ် တည်ထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေ ပုဒ်မ ၈၊ ပုဒ်မခွဲ (င) အရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များပါဝင်သည့် ပဏာမစိစစ်ရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည် -

(က) ခရိုင်အုပ်ချုပ်ရေးမှူး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဥက္ကဋ္ဌ
ဟားခါးခရိုင်၊ ချင်းပြည်နယ်

(ခ) လက်ထောက်ညွှန်ကြားရေးမှူး၊ အဖွဲ့ဝင်
လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန
ဟားခါးခရိုင်၊ ချင်းပြည်နယ်

(ဂ) ဦးစီးအရာရှိ၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန အဖွဲ့ဝင်
ဟားခါးမြို့နယ်၊ ဟားခါးခရိုင်၊ ချင်းပြည်နယ်

(ဃ) ဦးစီးအရာရှိ၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန အဖွဲ့ဝင်
ထန်တလန်မြို့နယ်၊ ဟားခါးခရိုင်၊ ချင်းပြည်နယ်

(င) တောအုပ်၊ သစ်တောဦးစီးဌာန၊ ထန်တလန်မြို့နယ်၊ ဟားခါးခရိုင်၊ ချင်းပြည်နယ် — အဖွဲ့ဝင်

(စ) ဦးစီးအရာရှိ၊ သစ်တောဦးစီးဌာန၊ ဟားခါးမြို့နယ်၊ ဟားခါးခရိုင်၊ ချင်းပြည်နယ် — အတွင်းရေးမှူး

၄။ ဤအမိန့်ကြော်ငြာစာပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ပါက တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေးဥပဒေအရ အရေးယူခြင်းခံရမည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၁/၂၀၁၆)

### သဘာဝနယ်မြေအဖြစ်မှ ပယ်ဖျက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ၁၉၉၄ ခုနှစ်၊ ဇွန်လတွင်ထုတ်ပြန်သည့် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေး ဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသည့်အခွင့်အာဏာများကိုသုံးစွဲလျက် မွန်ပြည်နယ်၊ သထုံခရိုင်၊ ဘီးလင်းမြို့နယ် ကေလာသတောင် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော ဧရိယာ (၅၉၉၃. ၂၈) ဧက၊ (၈. ၇၄) စတုရန်းမိုင်အတွင်းမှ (၄၄. ၈၁) ဧက၊ (၀. ၀၇) စတုရန်းမိုင်ရှိမြေကို ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်နေ့မှစ၍ သဘာဝနယ်မြေအဖြစ်မှ ပယ်ဖျက်လိုက်သည်။

**၁။ သဘာဝနယ်မြေအဖြစ်မှ ပယ်ဖျက်လိုက်သည့်မြေ၏ အကြောင်းအရာဖော်ပြချက်**

| စဉ် | သဘာဝနယ်မြေ | တိုင်းဒေသကြီး/ ပြည်နယ် | ခရိုင် | မြို့နယ် | ဧရိယာ (ဧက) |
|---|---|---|---|---|---|
| (က) | ကေလာသတောင်တောရိုင်း တိရစ္ဆာန်ဘေးမဲ့တော | မွန် | သထုံ | ဘီးလင်း | ၄၄. ၈၁ |
| | **စုစုပေါင်း** | | | | **၄၄. ၈၁** |

**၂။ နယ်နိမိတ်အလားအလာဖော်ပြချက်**

မြောက်ဘက် ။ ။ စိမ့်စမ်းမြောင်ဘုန်းကြီးကျောင်းသွားလမ်းထိပ် (ခန့်မှန်းမြေပုံညွှန်း M-667855) မှ အစပြု၍ အရှေ့ဘက်တည့်တည့် စိမ့်စမ်းမြောင်ဘုန်းကြီးကျောင်းလမ်းအတိုင်း ကိုက် (၁၃၁) ခန့်လာရာ (ခန့်မှန်းမြေပုံညွှန်း M-668855) အထိ၊ ထိုမှ လမ်းကိုဖြတ်၍ အရှေ့မြောက်ဘက်သို့ ကိုက် (၁၃၀) ခန့်လာရာ ဦးသန့်ဇင် ခြံစည်းရိုးအထိ (ခန့်မှန်းမြေပုံညွှန်း M-668857) အထိ၊ ၎င်းနေရာမှ အရှေ့ဘက်သို့ ဦးသန့်ဇင်နေအိမ်ခြံစည်းရိုးအတိုင်း ကိုက် (၈၀) ခန့်လာရာ ကရင်စုမှ နဝဒေးသွားလမ်းမကြီးအထိ (ခန့်မှန်းမြေပုံညွှန်း M-669857) အထိ။

အရှေ့ဘက် ။ ။ ထိုမှ တောင်ဘက်သို့ ကရင်စုမှ နဝဒေးသွားလမ်းမအတိုင်း ကိုက် (၁၂၀) ခန့်လာရာ တောင်စွန်းအကျဉ်းဦးစီး အလုပ်စခန်းဝင်ပေါက် (ခန့်မှန်းမြေပုံညွှန်း M-669855) အထိ၊ ၎င်းမှဆက်၍ အရှေ့တောင်ဘက်သို့ ကိုက် (၁၁၀) ခန့်လာရာ (ခန့်မှန်းမြေပုံညွှန်း M-670854) အထိ၊ ၎င်းမှ တောင်ဘက်တည့်တည့် နဝဒေးလမ်းမအတိုင်း ကိုက် (၂၅၀) ခန့်လာရာ (ခန့်မှန်းမြေပုံညွှန်း M-670852) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ ကိုက် (၂၅၀) ခန့်လာရာ (ခန့်မှန်းမြေပုံညွှန်း M-669849) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့

ကိုက် (၁၄၀) ခန့်လာရာ တောင်စွန်းအကျဉ်းဦးစီး လုပ်ကွက် (၂) ဝင်ပေါက် (ခန့်မှန်းမြေပုံညွှန်း M-668848) အထိ၊

တောင်ဘက် ။ ။ လုပ်ကွက် (၂) ဝင်ပေါက်မှ အနောက်ဘက်တည့်တည့်သို့ ကိုက် (၁၉၃) ခန့်လာရာ ကျိုက်ဒေးယုံစေတီတောင်တန်း (ခန့်မှန်းမြေပုံညွှန်း M-666847) အထိ၊

အနောက်ဘက် ။ ။ ထိုမှ အရှေ့မြောက်ဘက်သို့ ကိုက် (၉၀) ခန့်လာရာ ဘုရားကိုးဆူကျောင်းခြံစည်းရိုး (ခန့်မှန်းမြေပုံညွှန်း M-666848) အထိ၊ ၎င်းမှ အရှေ့မြောက်ဘက်သို့ ကိုက် (၇၆) ခန့်လာရာ (ခန့်မှန်းမြေပုံညွှန်း M-667848) အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ ကိုက် (၁၀၃) ခန့်လာရာ (ခန့်မှန်းမြေပုံညွှန်း M-667850) အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ ဘုရားကိုးဆူကျောင်း မြောက်ဘက်စည်းရိုးအတိုင်း ကိုက် (၁၀၀) ခန့်လာရာ (ခန့်မှန်းမြေပုံညွှန်း M-666850) အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ ကိုက် (၃၀) ခန့်လာရာ (ခန့်မှန်းမြေပုံညွှန်း M-666850) အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ တောင်စွန်းအကျဉ်းဦးစီးဌာန ဝန်ထမ်းအဆောက်အဦများ အနောက်ဘက်အတိုင်း ကိုက် (၁၉၆) ခန့်လာရာ (ခန့်မှန်းမြေပုံညွှန်း M-666853) အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ ကိုက် (၆၃) ခန့်လာရာ (ခန့်မှန်းမြေပုံညွှန်း M-666854) အထိ၊ ထိုမှဆက်၍ အရှေ့မြောက်ဘက်သို့ ကိုက် (၁၂၃) ခန့်လာရာ (ခန့်မှန်းမြေပုံညွှန်း M-666856) အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ ကိုက် (၃၅) ခန့်လာရာ (ခန့်မှန်းမြေပုံညွှန်း M-667854) အထိ၊ ထိုမှ အရှေ့မြောက်သို့ ကိုက် (၁၂၀) ခန့်လာရာ မူလအမှတ် (ခန့်မှန်းမြေပုံညွှန်း M-667855) အထိ။

**၃။ သဘာဝနယ်မြေအဖြစ်မှ ပယ်ဖျက်ပေးရသည့်အကြောင်းအရာ**

မွန်ပြည်နယ်၊ သထုံခရိုင်၊ ဘီးလင်းမြို့နယ်၊ ကေလာသတောင် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအတွင်း ကျရောက်နေသည့် တောင်စွန်းကျောက်ထုတ်စခန်း၊ အကျဉ်းဦးစီးဌာနဝန်ထမ်းများနှင့် အကျဉ်းသားများ နေထိုင်လျက်ရှိသော အခိုင်အမာဆောက်လုပ်ထားသည့် အဆောက်အဦ (၆၁) လုံး၏ မြေဧရိယာ (၄၄. ၈၁) ဧကအား ပြည်ထဲရေးဝန်ကြီးဌာန၊ အကျဉ်းဦးစီးဌာနပိုင်မြေအဖြစ် ပြောင်းလဲအသုံးပြုနိုင်ရန်အတွက် သဘာဝ နယ်မြေအဖြစ်မှ ပယ်ဖျက်ပေးရခြင်းဖြစ်ပါသည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၀၁၃/၂၀၁၆)
### သဘာဝနယ်မြေနယ်နိမိတ်များ ပြင်ဆင်ဖွဲ့စည်းခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၁/၂၀၁၆) အရ ကေလာသတောင် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောမြေအဖြစ်မှ ပယ်ဖျက်လိုက်သဖြင့် ကျန်ရှိသည့် ကေလာသတောင် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၏ နယ်နိမိတ် အလားအလာများအား အောက်ဖော်ပြပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

၁။ မွန်ပြည်နယ်၊ သထုံခရိုင်၊ ဘီးလင်းမြို့နယ်၊ ကေလာသတောင် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောကို သစ်တောဦးစီးဌာန၏ ၁၉၄၂ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၉/၁၉၄၂) အရ ဧရိယာအကျယ်အဝန်း (၆၀၄၈) ဧကဖြင့် စတင်ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။ အဆိုပါ ဘေးမဲ့တောမှ ယခင်ဧရိယာ (၄၅၄. ၇၁၇) ဧကပယ်ဖျက်ပေးခဲ့ပြီး ယခုတောင်စွန်း ကျောက်ထုတ်စခန်း အကျဉ်းဦးစီးဌာန ဝန်ထမ်းများနှင့် အကျဉ်းသားများနေထိုင်လျက်ရှိသော အခိုင်အမာဆောက်လုပ်ထားသည့် အဆောက်အဦ (၆၁) လုံး၏ မြေဧရိယာ (၄၄. ၈၁) ဧကအား ဘေးမဲ့တောမြေမှ ပယ်ဖျက်ပေးလိုက်သဖြင့် ကေလာသတောင် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောကို ကျန်ရှိသည့် ဧရိယာအကျယ်အဝန်း (၅၅၄၈. ၄၇၃) ဧကဖြင့် ပြန်လည် ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

## ၂။ ပြင်ဆင်ဖွဲ့စည်းလိုက်သည့် ဘေးမဲ့တောနယ်နိမိတ်များ

မြောက်ဘက် ။ ။ ကေလာသတောင် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော နယ်နိမိတ်ပေါ်ရှိ မရမ်းကုန်း (အလယ်ရွာ) ရှိ ယာယီဘုတ်တိုင်အမှတ် "က" (ခန့်မှန်းမြေပုံညွှန်း M-609908) မှ အစပြု၍ အရှေ့တောင်ဘက်သို့ ကိုက် (၈၀) ခန့်လာရာ ယာယီဘုတ်တိုင်အမှတ် "ခ" (ခန့်မှန်းမြေပုံညွှန်း M-610908) အထိ။ ထိုမှ မူလမြောက်ဘက်နယ်နိမိတ်အတိုင်း အရှေ့မြောက်ဘက်သို့ ကိုက် (၈၀) ခန့်လာရာ ယာယီဘုတ်တိုင်အမှတ် "ဂ" (ခန့်မှန်းမြေပုံညွှန်း M-611908) အထိ၊ ထိုမှ မူလမြောက်ဘက် နယ်နိမိတ်အတိုင်း အရှေ့မြောက်ဘက်သို့လာရာ မရမ်းကုန်းရွာ (ပိုင်ဒံကြီး) ရွာ အနောက်ဘက် ယာယီဘုတ်တိုင်အမှတ် "ဃ" (ခန့်မှန်းမြေပုံညွှန်း M-620911) အထိ။ ထိုမှ အရှေ့တောင်ဘက်သို့ ကိုက် (၁၅၀) ခန့်လာရာ ယာယီဘုတ်တိုင်အမှတ် "င" (ခန့်မှန်းမြေပုံညွှန်း M-622911) အထိ။ ထိုမှဆက်၍ အရှေ့မြောက်ဘက်သို့ ကိုက် (၁၂၀) ခန့်လာရာ ယာယီဘုတ်တိုင်အမှတ် "စ" (ခန့်မှန်းမြေပုံညွှန်း M-621910) အထိ။ ထိုမှ မြောက်ဘက်သို့ ကိုက် (၁၀၀) ခန့်လာရာ ယာယီဘုတ်တိုင်အမှတ် "ဆ" (ခန့်မှန်းမြေပုံညွှန်း M-622912) အထိ။ ထိုမှ မူလနယ်နိမိတ်အတိုင်း အရှေ့တောင်ဘက်သို့လာရာ မရန်းကုန်း (တောင်ကလေး) ကျေးရွာ၏ အနောက်ဘက်ထိပ် ယာယီဘုတ်တိုင်အမှတ် "ဇ" (ခန့်မှန်းမြေပုံညွှန်း M-632902) အထိ။ ထိုမှ အနောက်ဘက်သို့ ကိုက် (၈၅) ခန့်လာရာ ယာယီဘုတ်တိုင်အမှတ် "ဈ" (ခန့်မှန်းမြေပုံညွှန်း M-630901) အထိ။ ထိုမှ အရှေ့တောင်ဘက်သို့ ကိုက် (၁၃၀) ခန့်လာရာ ယာယီဘုတ်တိုင်အမှတ် "ည" (ခန့်မှန်းမြေပုံညွှန်း M-633900) အထိ ရောက်ရှိပြီး အရှေ့တောင်ဘက်သို့ ကိုက် (၉၀) ခန့်လာရာ မူလကြိုးဝိုင်း နယ်နိမိတ်ပေါ်ရှိ ယာယီဘုတ်တိုင်အမှတ် "ဋ" (ခန့်မှန်းမြေပုံညွှန်း M-632902) အထိ။

အရှေ့ဘက် ။ ။ ထိုမှ အရှေ့တောင်ဘက်သို့ မူလနယ်နိမိတ်အတိုင်းလာရာ ကျီးပင်ကျေးရွာ အနောက်ဘက် ယာယီဘုတ်တိုင်အမှတ် "ဌ" (ခန့်မှန်းမြေပုံညွှန်း M-644888) အထိ၊ ထိုမှ တောင်ဘက်သို့ ကိုက် (၃၈) ခန့်လာရာ ယာယီဘုတ်တိုင်အမှတ် "ဎ" (ခန့်မှန်းမြေပုံညွှန်း M-644888) အထိ။ ထိုမှ အရှေ့ဘက်သို့ ကိုက် (၃၀၈) ခန့်လာရာ ယာယီဘုတ်တိုင်အမှတ် "ဏ" (ခန့်မှန်းမြေပုံညွှန်း M-647888) အထိ။ ထိုမှ မူလနယ်နိမိတ်အတိုင်းလာရာ တောင်စွန်းရွာ အနောက်မြောက်ဘက်ထိ ယာယီဘုတ်တိုင်အမှတ် "တ" (ခန့်မှန်းမြေပုံညွှန်း M-669856) ထိ။ ထိုမှ အနောက်တောင်ဘက်သို့ ကိုက် (၃၀၀) ခန့်လာရာ ယာယီဘုတ်တိုင်အမှတ် "ထ" (ခန့်မှန်းမြေပုံညွှန်း M-667855) အထိ။ ထိုမှ တောင်ဘက်သို့ (၄) ဖာလုံခန့်လာရာ ယာယီဘုတ်တိုင်အမှတ် "ဒ" (ခန့်မှန်းမြေပုံညွှန်း M-667850) အထိ။ ထိုမှ အရှေ့ဘက်သို့ ကိုက် (၁၀၀) ခန့်လာရာ မူလကြိုးဝိုင်း နယ်နိမိတ်ပေါ်ရှိ (ခန့်မှန်းမြေပုံညွှန်း M-668848) အထိ။

တောင်ဘက် ။ ။ ထိုမှတစ်ဆင့် မူလနယ်နိမိတ်အတိုင်းလာရာ ကင်းရွာကျေးရွာ အရှေ့တောင်ဘက် ယာယီဘုတ်တိုင်အမှတ် "ဓ" (ခန့်မှန်းမြေပုံညွှန်း M-633853) အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ ကိုက် (၈၅) ခန့်လာရာ ယာယီဘုတ်တိုင်အမှတ် "န" (ခန့်မှန်းမြေပုံညွှန်း M-634854) အထိ။ ထိုမှ အနောက်မြောက်ဘက်သို့ ကိုက် (၈၅၀) ခန့်လာရာ ယာယီဘုတ်တိုင်အမှတ် "ပ" (ခန့်မှန်းမြေပုံညွှန်း M-633863) အထိ။ ထိုမှ အနောက်မြောက်ဘက်သို့ ကိုက် (၂၀၀) ခန့်လာရာ မူလနယ်နိမိတ်ပေါ်ရှိ ယာယီဘုတ်တိုင်အမှတ် "ဖ" (ခန့်မှန်းမြေပုံညွှန်း M-632863) အထိ။ ထိုမှ မူလနယ်နိမိတ်အတိုင်းလာရာ တောင်ကြီးကျေးရွာ အရှေ့မြောက်ဘက် ယာယီဘုတ်တိုင်အမှတ် "ဗ" (ခန့်မှန်းမြေပုံညွှန်း M-622865) ထိ။ ထိုမှ အနောက်မြောက်ဘက်သို့ ကိုက် (၂၅၀) ခန့်လာရာ ယာယီဘုတ်တိုင်အမှတ် "ဘ" (ခန့်မှန်းမြေပုံညွှန်း M-616869) ထိ။ ထိုမှ တောင်ဘက်သို့ ကိုက် (၁၇၀) ခန့်လာရာ

ယာယီဘုတ်တိုင်အမှတ် "မ" (ခန့်မှန်းမြေပုံညွှန်း M-616687) အထိ။ ထိုမှ အနောက်တောင်ဘက်သို့ ကိုက် (၁၆၀၀) ခန့်လာရာ ယာယီဘုတ်တိုင်အမှတ် "ယ" (ခန့်မှန်းမြေပုံညွှန်း M-610853) အထိ။

အနောက်ဘက် ။ ။ ထိုမှ မူလနယ်နိမိတ်အတိုင်းလာရာ ဝင်းကကျေးရွာတောင်ဘက်ရှိ ယာယီဘုတ်တိုင်အမှတ် "ရ" (ခန့်မှန်းမြေပုံညွှန်း M-610860) ထိ၊ ထိုမှ မြောက်ဘက်သို့ (၁) မိုင် (၇) ဖာလုံခန့်လာရာ ယာယီဘုတ်တိုင်အမှတ် "လ" (ခန့်မှန်းမြေပုံညွှန်း M-600891) ထိ။ ထိုမှ ကိုက် (၁၀၀၀) ခန့်လာရာ ယာယီဘုတ်တိုင်အမှတ် "ဝ" (ခန့်မှန်းမြေပုံညွှန်း M-591898) ထိ။ ထိုမှ အရှေ့မြောက်ဘက်သို့ ကိုက် (၉၀၀) ခန့်လာရာ ယာယီဘုတ်တိုင်အမှတ် "သ" (ခန့်မှန်းမြေပုံညွှန်း M-592903) ထိ။ ထိုမှ အရှေ့မြောက်ဘက်သို့ ကိုက် (၇၃၀) ခန့်လာရာ ယာယီဘုတ်တိုင်အမှတ် "ဟ" (ခန့်မှန်းမြေပုံညွှန်း M-599904) ထိ။ ထိုမှ ယက္ကန်းသည်မ-မရမ်းကုန်းလမ်းအတိုင်း အရှေ့မြောက်ဘက်သို့ ကိုက် (၈၀၀) ခန့်လာရာ မူလနယ်နိမိတ်ပေါ်ရှိ ယာယီဘုတ်တိုင်အမှတ် "ဠ" (ခန့်မှန်းမြေပုံညွှန်း M-607908) ထိ။ ထိုမှ အရှေ့မူလနယ်နိမိတ်အတိုင်းလာရာ မူလစမှတ် ယာယီဘုတ်တိုင်အမှတ် "က" (ခန့်မှန်းမြေပုံညွှန်း M-609908) အထိ။

၃။ **ချန်လှပ်ကွက်ဧရိယာများ**

| | | |
|---|---|---|
| (က) | ကျိုက်ဒေးယုံဆံတော်ရှင်ရွှေစည်းခုံစေတီနှင့် မျှော်တော်ရောင်စေတီတည်ရှိရာမြေ | ၁၄. ၃၃၈ ဧက |
| (ခ) | ဝရုဏနုဂရာဇတုပဆံတော်ရှင်စေတီတည်ရှိရာမြေ | ၆. ၅၈၂ ဧက |
| (ဂ) | မြသပိတ်ဆံတော်ရှင်၊ မြသလွန်၊ မြဘုန်းရှိန်နှင့် ကျားဘုရားစေတီများတည်ရှိရာမြေ | ၃၆. ၂၂၄ ဧက |
| (ဃ) | ကေလာသဆံတော်ရှင်၊ ကေလာသဖနှင့် ရွှေစေတီတည်ရှိရာမြေ | ၅၈. ၅၉၅ ဧက |
| (င) | တောင်ခြေရှိဘုရား ဝတ္တကပိုင်မြေ | ၁၂. ၅၀၃ ဧက |
| (စ) | တောင်တက်လမ်းမြေ | ၅. ၉၈၅ ဧက |
| | **ချန်လှပ်ကွက်ဧရိယာစုစုပေါင်း** | **၁၃၄. ၂၂၇ ဧက** |

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၀၁၅/၂၀၁၆)

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၂ ရက်

(၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်)

## ကြိုးပြင်ကာကွယ်တောသတ်မှတ်ခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ၁၉၉၂ ခုနှစ်၊ မြန်မာနိုင်ငံသစ်တောဥပဒေ ပုဒ်မ-၆၊ ပုဒ်မခွဲ-(င) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ သာစည်မြို့နယ်အတွင်းရှိ အောက်ဖော်ပြပါ နယ်နိမိတ်များအတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း (၆၈၅) ဧကရှိသော နယ်မြေကို "မှန်တောင်ကြိုးပြင်ကာကွယ်တော" အဖြစ် ၁၃၇၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၂ ရက် (၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်) မှစ၍ သတ်မှတ်ကြောင်းကြေညာလိုက်သည်။

## ၂။ နယ်နိမိတ်အလားအလာဖော်ပြချက်

မြောက်ဘက် ။ ။ ရှုပါတောင်ကြိုးဝိုင်းတော၏ တောင်ဘက် (၂) ဖာလုံခန့်အကွာ ခန့်မှန်းမြေပုံညွှန်း (LL-၇၂၀၂၀၃) မှအစပြု၍ အရှေ့မြောက်ဘက်သို့ (၂) ဖာလုံခန့်လာရာ ရှုပါတောင်ကြိုးဝိုင်းတော နယ်နိမိတ်နှင့်ဆုံသည့် ခန့်မှန်းမြေပုံညွှန်း (LL-၇၂၃၂၀၅) ရောက်သည်အထိ၊ ထိုမှ ရှုပါတောင်ကြိုးဝိုင်းတော တောင်ဘက်နယ်နိမိတ်အတိုင်း အရှေ့တောင်ဘက်သို့ (၁) မိုင် ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (LL-၇၃၅၁၉၄) ရောက်သည်အထိ၊

အရှေ့ဘက် ။ ။ ထိုမှ နွားသေတောင်ခြေအတိုင်း အနောက်တောင်ဘက်သို့ (၇) ဖာလုံခန့်လာရာ နတ်စင်တောင်ခြေ ခန့်မှန်းမြေပုံညွှန်း (LL-၇၂၅၁၈၁) ရောက်သည်အထိ၊

တောင်ဘက် ။ ။ ထိုမှ အနောက်တောင်ဘက်သို့ နတ်စင်တောင်ခြေအတိုင်း (၄) ဖာလုံခန့်လာရာ ငန်းချောင်း ခန့်မှန်းမြေပုံညွှန်း (LL-၇၂၀၁၇၈) ရောက်သည်အထိ၊ ထိုမှ မှန်တောင်မကြီး၏ တောင်ခြေအတိုင်း အနောက်တောင်ဘက်သို့ (၇) ဖာလုံခန့်လာရာ ရေထွက်လျှို ခန့်မှန်းမြေပုံညွှန်း (LL-၇၁၆၁၆၆) ရောက်သည်အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ (၂) ဖာလုံခန့်လာရာ သနပ်ခါးရိုး၊ ခန့်မှန်းမြေပုံညွှန်း (LL-၇၁၄၁၆၂) ရောက်သည်အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ (၆) ဖာလုံခန့်လာရာ ရွှေမုဌောတောင် ခန့်မှန်းမြေပုံညွှန်း (LL-၇၀၇၁၅၈) ရောက်သည်အထိ၊

အနောက်ဘက် ။ ။ ထိုမှ တောင်ကြောအတိုင်း အရှေ့မြောက်ဘက်သို့ (၆) ဖာလုံခန့်လာရာ မှန်တောင်မကြီးထိပ် ခန့်မှန်းမြေပုံညွှန်း (LL-၇၁၂၁၇၃) ရောက်သည်အထိ၊ ထိုမှ မှန်တောင်တောကြောအတိုင်း အရှေ့မြောက်ဘက်သို့ (၆) ဖာလုံခန့် ဆက်၍ဆင်းလာရာ နတ်စင်တောင် တောင်ခြေ ခန့်မှန်းမြေပုံညွှန်း (LL-၇၂၀၁၈၄) ရောက်သည်အထိ၊ ထိုမှ မြောက်ဘက်ယွန်းယွန်းသို့ (၄) ဖာလုံခန့်လာရာ ဘဲကြီးတောင်ကုန်းအနောက်ဘက်ထိပ်အထိ၊ တောင်ကုန်းအမြင့် (၁၂၃၀) ပေ ခန့်မှန်းမြေပုံညွှန်း (LL-၇၂၁၁၉၃) ရောက်သည်အထိ၊ ထိုမှ ဘဲကြီးတောင်ကုန်းကိုပတ်၍ အနောက်မြောက်ဘက်သို့ (၅) ဖာလုံခန့်လာရာ မူလစတင်သည့် ရှုပါတောင်ကြိုးဝိုင်းတော၏ တောင်ဘက် (၂) ဖာလုံခန့်အကွာ ခန့်မှန်းမြေပုံညွှန်း (LL-၇၂၀၂၀၃) ရောက်သည်အထိ။

## ၃။ တားမြစ်ချက်များ

"မှန်တောင်ကြိုးပြင်ကာကွယ်တော" အတွင်း အောက်ဖော်ပြပါတို့ကို မပြုလုပ်ရန် တားမြစ်လိုက်သည်-

(က) သစ်တောဦးစီးဌာနက သတ်မှတ်ထားသော သစ်ပင်အမျိုးအစားများကို ခုတ်လှဲခြင်း၊ ပိုင်းဖြတ်ခြင်း၊ သင်းသတ်ခြင်း၊ ထစ်မှတ်ခြင်း၊ ချိုးဖြတ်ခြင်း၊ ဖောက်ထွင်းခြင်း၊ မီး သို့မဟုတ် အခြားနည်းဖြင့် ပျက်စီးစေခြင်း၊

(ခ) ကျူးကျော်ဝင်ရောက်နေထိုင်ခြင်း၊

(ဂ) အိမ်မွေးတိရစ္ဆာန်များ စားကျက်ချခြင်း၊

(ဃ) စိုက်ပျိုးရန်အတွက် မြေကိုတူးဆွခြင်း သို့မဟုတ် ရှင်းလင်းခြင်း၊

(င) ရေတွင် အဆိပ်ခတ်ခြင်း၊ ဓာတုဗေဒပစ္စည်း သို့မဟုတ် ပေါက်ကွဲစေတတ်သောအရာများ အသုံးပြုခြင်း။

(စ) တောရိုင်းတိရစ္ဆာန်များ ဖမ်းဆီးခြင်း သို့မဟုတ် အမဲလိုက်ပစ်ခတ်ခြင်း။

(ဆ) မီးမွှေးခြင်း၊ မီးဖိုခြင်း သို့မဟုတ် မီးသယ်ယူခြင်း။

၄။ **ခွင့်ပြုသည့် ဆိုင်ရာဆိုင်ခွင့်နှင့် အခွင့်အရေးများ**

| စဉ် | အခွင့်ရသူ၏အကြောင်းအရာ | ခွင့်ပြုသည့်ဆိုင်ရာဆိုင်ခွင့်နှင့် အခွင့်အရေးများ |
|---|---|---|
| | မရှိပါ | မရှိပါ |

၅။ ဤအမိန့်ကြော်ငြာစာပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်း၊ စည်းကမ်းချက်တစ်ခုခုကို လိုက်နာရန် ပျက်ကွက်ခြင်းများရှိပါက သစ်တောဥပဒေအရ အရေးယူခြင်းခံရမည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၀၃၉/၂၀၁၆)

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၂ ရက်
(၂၀၁၆ ခုနှစ်၊ မတ်လ ၂၅ ရက်)

၂၀၁၆ ခုနှစ်၊ မတ်လ ၂၄ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၁/၂၀၁၆) အရ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ မြန်မာ့သစ်လုပ်ငန်းမှ အထွေထွေမန်နေဂျာ ဦးစောဂွန်ရွှေဘ အား မြန်မာ့သစ်လုပ်ငန်းတွင် လစ်လပ်လျက်ရှိသော ဦးဆောင်ညွှန်ကြားရေးမှူး လစာနှုန်း (၅၀၀,၀၀၀/-) ရာထူးနေရာတွင် ၂၀၁၆ ခုနှစ်၊ မတ်လ ၂၄ ရက်နေ့ နံနက်ပိုင်းမှစ၍ အစမ်းခန့်ထားလိုက်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၀၄၂/၂၀၁၆)

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၆ ရက်
(၂၀၁၆ ခုနှစ်၊ မတ်လ ၂၉ ရက်)

### သဘာဝနယ်မြေအဖြစ်မှ ပယ်ဖျက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ၁၉၉၄ ခုနှစ်တွင် ပြဋ္ဌာန်းထားသည့် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေးဥပဒေ၊ ပုဒ်မ-၉၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကိုသုံးစွဲလျက် ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်၊ တောင်ကြီးမြို့နယ်ရှိ တောင်ကြီးငှက်ဘေးမဲ့တောအတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း (၃၂. ၅၉၈) ဧကရှိမြေကို ၂၀၁၆ ခုနှစ်၊ မတ်လ ၂၉ ရက် နေ့မှစ၍ သဘာဝနယ်မြေအဖြစ်မှ ပယ်ဖျက်လိုက်သည်။

၁။ **သဘာဝနယ်မြေအဖြစ်မှ ပယ်ဖျက်လိုက်သည့်မြေ၏ အကြောင်းအရာဖော်ပြချက်**

| စဉ် | သဘာဝနယ်မြေအမည် | တိုင်းဒေသကြီး/ ပြည်နယ် | ခရိုင် | မြို့နယ် | ဧရိယာ (ဧက) |
|---|---|---|---|---|---|
| (က) | တောင်ကြီးငှက်ဘေးမဲ့တော (တစ်စိတ်တစ်ဒေသ) | ရှမ်း | တောင်ကြီး | တောင်ကြီး | ၃၂. ၅၉၈ |
| | **စုစုပေါင်း** | | | | **၃၂. ၅၉၈** |

၂။ **နယ်နိမိတ်အလားအလာဖော်ပြချက်**

**ခေတ်မီ အဆင့်မြင့်ယာဉ်ရပ်နားစခန်း မြေဧရိယာ (၃၂. ၅၉၈) ဧက၏ နယ်နိမိတ်အလားအလာ**

မြောက်ဘက် ။ ။ တောင်ကြီးမြို့၊ တောင်ကြီး-ဟိုပုံးသွား ကားလမ်းဘေး မြောက်ဘက် ခန့်မှန်းမြေပုံညွှန်း (M-674143) မှအစပြု၍ အရှေ့မြောက်ဘက်ယွန်းယွန်းသို့ (၁၁၄၇) ပေခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (M-676143) အထိ။ ထိုမှ အရှေ့မြောက်ဘက်ယွန်းယွန်းသို့ (၈၃၀) ပေခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (M-678144) အထိ၊ ထိုမှ အရှေ့မြောက်ယွန်းယွန်းသို့ (၂၂၇) ပေခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (M-680144) အထိ၊ ထိုမှ အရှေ့တောင်ယွန်းယွန်းသို့ (၂၉၀) ပေခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (M-681144) အထိ။

အရှေ့ဘက် ။ ။ ထိုမှ အနောက်တောင်ယွန်းယွန်းသို့ (၂၁၃) ပေခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (M-681142) အထိ။

တောင်ဘက် ။ ။ ထိုမှ အနောက်တောင်ယွန်းယွန်းသို့ (၅၀၈) ပေခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (M-679141) အထိ၊ ထိုမှ အနောက်တောင်ယွန်းယွန်းသို့ (၁၈၃၂) ပေခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (M-674141) အထိ။

အနောက်ဘက် ။ ။ထိုမှ အရှေ့မြောက်ယွန်းယွန်းသို့ (၇၄၈) ပေခန့်လာရာ မူလစတင်သည့်နေရာ ခန့်မှန်းမြေပုံညွှန်း (M-674143) အထိ။

၃။ **သဘာဝနယ်မြေအဖြစ်မှ ပယ်ဖျက်ပေးရသည့်အကြောင်းအရာ**

ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်၊ တောင်ကြီးမြို့နယ်၊ တောင်ကြီးငှက်ဘေးမဲ့တောမှ ဧရိယာ (၃၂. ၅၉၈) ဧကအား ခေတ်မီအဆင့်မြင့်ယာဉ်ရပ်နားစခန်းမြေအဖြစ် လွှဲပြောင်းအသုံးပြုနိုင်ရန်အတွက် သဘာဝနယ်မြေအဖြစ်မှ ပယ်ဖျက်ပေးရခြင်းဖြစ်ပါသည်။

**(ပြည်ထောင်စုဝန်ကြီးရုံး)**
**အမိန့်ကြော်ငြာစာအမှတ် (ဝ၄၃/၂၀၁၆)**

**သဘာဝနယ်မြေနယ်နိမိတ်များ ပြင်ဆင်ဖွဲ့စည်းခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၆ ခုနှစ်၊ မတ်လ ၂၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (ဝ၄၂/၂၀၁၆) အရ တောင်ကြီးငှက်ဘေးမဲ့တောမြေအဖြစ်မှ ပယ်ဖျက်လိုက်သဖြင့် ကျန်ရှိသည့် တောင်ကြီးငှက်ဘေးမဲ့တော၏ နယ်နိမိတ်အလားအလာများအား အောက်ဖော်ပြပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

၁။ ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်၊ တောင်ကြီးမြို့နယ်၊ တောင်ကြီးငှက်ဘေးမဲ့တောကို သစ်တောဦးစီးဌာန၏ ၁၉၀၆ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၈/၁၉၀၆) အရ ဧရိယာအကျယ်အဝန်း (၃၉၆၈) ဧကဖြင့် စတင်ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။ အဆိုပါဘေးမဲ့တောမှ ဧရိယာ (၂၁၃၇. ၅၃) ဧက ပယ်ဖျက်ပေးခဲ့ပြီး ယခုခေတ်မီအဆင့်မြင့်ယာဉ်ရပ်နားစခန်းမြေအဖြစ် လွှဲပြောင်းအသုံးပြုနိုင်ရန်အတွက် ဧရိယာ (၃၂. ၅၉၈) ဧကအား ဘေးမဲ့တောမြေအဖြစ်မှ ပယ်ဖျက်ပေးလိုက်သဖြင့် တောင်ကြီးငှက်ဘေးမဲ့တောကို ကျန်ရှိသည့်ဧရိယာအကျယ်အဝန်း (၁၇၉၇) ဧကဖြင့် ပြန်လည်ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

၂။ **ပြင်ဆင်ဖွဲ့စည်းလိုက်သည့် ဘေးမဲ့တောနယ်နိမိတ်များ**

မြောက်ဘက် ။ ။ တောင်ကြီး (မြောက်) ငှက်ဘေးမဲ့တော မူလနယ်နိမိတ်လမ်းကြောင်းပေါ်ရှိ ခန့်မှန်းမြေပုံညွှန်း (M-644175) မှအစပြု၍ မူလဘေးမဲ့တောနယ်နိမိတ်အတိုင်း အရှေ့တောင်ဘက်သို့ (၂) မိုင် (၄) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (M-686170) အထိ။

အရှေ့ဘက် ။　။ ထိုမှ မူလဘေးမဲ့တောနယ်နိမိတ်အတိုင်း အရှေ့တောင်ဘက်သို့ (၂) မိုင် (၆) ဖာလုံခန့်လာရာ တောင်ကြီး-ဟိုပုံးသွား ကားလမ်းဘေး ဘေးမဲ့တောနယ်နိမိတ်ပေါ်ရှိ ခန့်မှန်းမြေပုံညွှန်း (M-681144) အထိ၊ ထိုမှ အနောက်ဘက်သို့ (၂၄၉၄) ပေခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (M-674143) အထိ၊ ထိုမှ တောင်ဘက်သို့ (၇၄၈) ပေခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (M-674141) အထိ။

တောင်ဘက် ။　။ ထိုမှ မူလဘေးမဲ့တောနယ်နိမိတ်အတိုင်း အနောက်ဘက်သို့ (၁) မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (M-669143) အထိ၊ ထိုမှ မြောက်ဘက်သို့ (၂၀၀) ပေခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (M-669144) အထိ၊ ထိုမှ အနောက်ဘက်သို့ (၂၁၀) ပေခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (M-669144) အထိ၊ ထိုမှ မြောက်ဘက်သို့ (၂၅၀) ပေခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (M-669145) အထိ၊ ထိုမှ အနောက်ဘက်သို့ (၁၉၀) ပေခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (M-668145) အထိ၊ ထိုမှ တောင်ဘက်သို့ (၂၀၀) ပေခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (M-668144) အထိ၊ ထိုမှ ဘေးမဲ့တောနယ်နိမိတ်အတိုင်း အနောက်ဘက်သို့ (၂. ၅) ဖာလုံခန့်လာရာ တောင်ကြီး-ဟိုပုံးကားလမ်းဘေးရှိ ယခင် (၂) မိုင် အမှိုက်ကျင်းအဝင်လမ်းထိပ်အနီး ဆေးတက္ကသိုလ် (တောင်ကြီး) ဧရိယာ၏အနောက်ဘက် ခန့်မှန်းမြေပုံညွှန်း (M-662147) အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ ဆေးတက္ကသိုလ် (တောင်ကြီး) နယ်နိမိတ်အတိုင်း (၁) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (M-663148) အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ ဆေးတက္ကသိုလ် (တောင်ကြီး) နယ်နိမိတ်အတိုင်း (၃) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (M-660152) အထိ၊ ၎င်းမှ အနောက်မြောက်ဘက်သို့ ဆေးတက္ကသိုလ် (တောင်ကြီး) နယ်နိမိတ်အတိုင်း (၂) ဖာလုံ (၅) သံကြိုးခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (M-659157) အထိ၊ ၎င်းမှ အနောက်ဘက်သို့ ရွှေဘုန်းပွင့်/မြစိမ်းတောင်ဘုရားသွား ကားလမ်းဘေးရှိ ဆေးတက္ကသိုလ် (တောင်ကြီး) ခြံစည်းရိုး နယ်နိမိတ်အတိုင်း (၁) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (M-675155) အထိ။

အနောက်ဘက် ။　။ ထိုမှ အနောက်မြောက်ဘက်သို့ မူလငှက်ဘေးမဲ့တောနယ်နိမိတ်အတိုင်း (၁) မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (M-644175) အထိ။

၃။　**ချန်လှပ်ကွက်နယ်နိမိတ်များ**

**အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်ပိုင်မြေ (၁၁၀. ၅၁) ဧက၏ နယ်နိမိတ်အလားအလာ**

မြောက်ဘက် ။　။ ဘုတ်တိုင်အမှတ် “က” ခန့်မှန်းမြေပုံညွှန်း (M-657166) မှ အရှေ့ဘက်သို့ (၃၃၀၀) ပေခန့်လာရာ ဘုတ်တိုင်အမှတ် “ခ” ခန့်မှန်းမြေပုံညွှန်း (M-668166) အထိ။

အရှေ့ဘက် ။　။ ထိုမှ တောင်ဘက်သို့ (၁၄၅၅) ပေခန့်လာရာ ဘုတ်တိုင်အမှတ် “ဂ”ခန့်မှန်းမြေပုံညွှန်း (M-668163) အထိ။

တောင်ဘက် ။　။ ထိုမှ အနောက်ဘက်သို့ (၃၃၀၀) ပေခန့်လာရာ ဘုတ်တိုင်အမှတ် “ဃ”ခန့်မှန်းမြေပုံညွှန်း (M-657163) အထိ။

အနောက်ဘက် ။　။ ထိုမှ မြောက်ဘက်သို့ (၁၄၅၅) ပေခန့်လာရာ မူလစတင်သည့်နေရာ ဘုတ်တိုင်အမှတ် “က” ခန့်မှန်းမြေပုံညွှန်း (M-657166) အထိ။

(ပုံ) ဝင်းထွန်း၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန

## အမိန့်ကြော်ငြာစာ (၀၇၅/၂၀၁၇)

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တပေါင်းလဆန်း ၃ ရက်

(၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်)

၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်နေ့နှင့် ၂၁ ရက်နေ့တို့တွင် ကျင်းပပြုလုပ်သော ဝန်ကြီးဌာန အမှုဆောင်ကော်မတီ အစည်းအဝေးအမှတ်စဉ် (၄/၂၀၁၇) ၏ သဘောတူဆုံးဖြတ်ချက်အရ ရန်ကုန်လျှပ်စစ် ဓာတ်အားပေးရေးကော်ပိုရေးရှင်း၊ ပစ္စည်းစီမံရေးဌာနခွဲမှ လစာနှုန်း (၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) တန်း၊ မန်နေဂျာ (ပစ္စည်း) ဒေါ်လဲ့လဲ့သိန်း အား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ (၂၃၃) နည်းဥပဒေခွဲ (ဆ) အရ လျှော့ပေါ့ပြင်စင်ခံစားခွင့်ပြုလိုက်သည်။

ဖေဇင်ထွန်း၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၂၅/၂၀၁၇)

၁၃၇၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၉ ရက်

(၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်)

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာနမှ (လဝက-၆၇၈၈) ဦးစီးအရာရှိ ဒေါ်သီတာမြင့် အား ၂၀၁၄ ခုနှစ်၊ နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများ အခန်း (၂၁)၊ နည်းဥပဒေ-၂၃၃၊ နည်းဥပဒေခွဲ (ဆ) အရ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်နေ့ နံနက်ပိုင်းမှစ၍ လျှော့ပေါ့ပြင်စင်ခံစားခွင့်ပြုလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၄၉/၂၀၁၇)

၁၃၇၈ ခုနှစ်၊ တပေါင်းလဆန်း ၃ ရက်

(၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်)

၁။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ သိန္နီမြို့နယ်ဦးစီးမှူးရုံးမှ (လဝက-၂၉၄၇) ဦးစီးအရာရှိ ဦးဖုန်းမြင့်ဝေသည် ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၃ ရက်နေ့တွင် အသက် (၆၀) နှစ် ပြည့်မည်ဖြစ်ပါ၍ ၂၀၁၇ ခုနှစ်၊ ဧပြီလ ၃ ရက်နေ့မှ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂ ရက်နေ့အထိ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို နိုင်ငံ့ဝန်ထမ်း ဥပဒေ အပိုဒ် ၂၂ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ နည်းဥပဒေ ၈၁ အရ ခံစားခွင့်ပြုလိုက်သည်။

၂။ ဦးစီးအရာရှိ ဦးဖုန်းမြင့်ဝေ အား အငြိမ်းစားမယူမီကြိုတင်ပြင်ဆင်ခွင့် (၄) လကို ခံစားပြီးနောက် ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၃ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ-၅၆၊ ပုဒ်မခွဲ (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ ပြည်သူ့ဝန်ထမ်းအဖြစ်မှ သက်ပြည့်အငြိမ်းစားယူခွင့်ပြုလိုက်သည်။

ဦးသိန်းဆွေ၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပညာရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၀၈၇/၂၀၁၆)**

၁၃၇၈ ခုနှစ်၊ တော်သလင်းလဆန်း ၁၂ ရက်

(၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၁၃ ရက်)

နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်၊ ရက်စွဲပါ စာအမှတ်၊ ၁၀၂ (၁)/၈/ သမ္မတရုံး အမိန့်အမှတ် (၅၄/၂၀၁၆) အရ ပညာရေးဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမော်ထွန်း အား ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၁၃ ရက်နေ့ နံနက်ပိုင်းမှစ၍ ဒုတိယဝန်ကြီး၏အလုပ်တာဝန်ဝတ္တရားများကို စတင်ထမ်းဆောင်စေလိုက်သည်။

(ပုံ) ဒေါက်တာမျိုးသိမ်းကြီး၊<br>ပြည်ထောင်စုဝန်ကြီး၊<br>ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊<br>ပညာရေးဝန်ကြီးဌာန။

**(ဝန်ကြီးရုံး)**

၁၃၇၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၆ ရက်

(၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်)

**တာဝန်ဝတ္တရားများ လွှဲပြောင်း/လက်ခံခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်၊ ရက်စွဲပါ စာအမှတ်၊ ၁၁၄၅/၁၇၀-ပူးတွဲ/၃-၁/အဖရ (၂၀၁၆) အရ ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး ပြည်ပသို့ တာဝန်ဖြင့်သွားရောက်ရာမှ ပြန်လည်ရောက်ရှိလာပြီဖြစ်၍ တာဝန်ဝတ္တရားများကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်နေ့ နံနက်ပိုင်းတွင် ပြန်လည်လွှဲပြောင်း၍ ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက လက်ခံဆောင်ရွက်ပါသည်။

| (လွှဲပြောင်းပေးသူ) | (လွှဲပြောင်းလက်ခံသူ) |
|---|---|
| ဒေါက်တာမြင့်ထွေး<br>ပြည်ထောင်စုဝန်ကြီး<br>ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန | ဒေါက်တာမျိုးသိမ်းကြီး<br>ပြည်ထောင်စုဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် ၁၂၀/၂၀၁၆**

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ နယုန်လဆန်း ၁၁ ရက်

(၂၀၁၆ ခုနှစ်၊ ဇွန်လ ၁၆ ရက်)

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ လုပ်ငန်းများ မှန်ကန်ပြီး မြန်ဆန်စွာဆောင်ရွက်နိုင်ရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နိုင်ရန် ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေး ကော်မတီကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီး<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ညွှန်ကြားရေးမှူး<br>လုံခြုံရေးနှင့်ဆိုင်သောပုံနှိပ်လုပ်ငန်းများညွှန်ကြားရေးမှူးရုံး | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူးချုပ်<br>နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (င) | ညွှန်ကြားရေးမှူးချုပ်<br>ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန | အဖွဲ့ဝင် |
| (စ) | ညွှန်ကြားရေးမှူးချုပ်<br>စီမံကိန်းရေးဆွဲရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူးချုပ်<br>အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာန | အဖွဲ့ဝင် |
| (ဇ) | ညွှန်ကြားရေးမှူးချုပ်<br>ဗဟိုစာရင်းအင်းအဖွဲ့ | အဖွဲ့ဝင် |
| (ဈ) | ညွှန်ကြားရေးမှူးချုပ်<br>ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ည) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့စီးပွားရေးဘဏ် | အဖွဲ့ဝင် |
| (ဋ) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ် | အဖွဲ့ဝင် |
| (ဌ) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့်ကူးသန်းရောင်းဝယ်ရေးဘဏ် | အဖွဲ့ဝင် |
| (ဍ) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့အာမခံလုပ်ငန်း | အဖွဲ့ဝင် |
| (ဎ) | ညွှန်ကြားရေးမှူးချုပ်<br>ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | အဖွဲ့ဝင်၁ |
| (ဏ) | ညွှန်ကြားရေးမှူးချုပ်<br>ငွေတိုက်ဦးစီးဌာန | အဖွဲ့ဝင် |
| (တ) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်တွင်းအခွန်များဦးစီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| (ထ) | ညွှန်ကြားရေးမှူးချုပ်<br>အကောက်ခွန်ဦးစီးဌာန | အဖွဲ့ဝင် |
| (ဒ) | ညွှန်ကြားရေးမှူးချုပ်<br>ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဓ) | ညွှန်ကြားရေးမှူးချုပ်<br>ပင်စင်ဦးစီးဌာန | အဖွဲ့ဝင် |
| (န) | ညွှန်ကြားရေးမှူးချုပ်<br>အခွန်အယူခံခုံအဖွဲ့ရုံး | အဖွဲ့ဝင် |
| (ပ) | ညွှန်ကြားရေးမှူးချုပ်<br>ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင် | အဖွဲ့ဝင် |
| (ဖ) | အမြဲတမ်းအတွင်းဝန်<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန (စီမံကိန်း) | အတွင်းရေးမှူး (၁) |
| (ဗ) | အမြဲတမ်းအတွင်းဝန်<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန (ဘဏ္ဍာရေး) | အတွင်းရေးမှူး (၂) |
| (ဘ) | ဒုတိယအမြဲတမ်းအတွင်းဝန်<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန (စီမံကိန်း) | တွဲဖက်အတွင်းရေးမှူး (၁) |
| (မ) | ဒုတိယအမြဲတမ်းအတွင်းဝန်<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန (ဘဏ္ဍာရေး) | တွဲဖက်အတွင်းရေးမှူး (၂) |

၂။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) မိမိဝန်ကြီးဌာနအောက်ရှိ ဌာန၊ အဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်ချက်များသည် ဥပဒေများ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အစိုးရအဖွဲ့များနှင့်ဝန်ကြီးဌာနများမှ ထုတ်ပြန်ထားသော စည်းမျဉ်းစည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များနှင့်ညီညွတ်စွာ ဆောင်ရွက်ခြင်း ရှိ/မရှိ စိစစ်ကြပ်မတ်၍ လိုအပ်သည်များကို ညွှန်ကြားရန်။

(ခ) ကော်မတီသည် မိမိဝန်ကြီးဌာနအောက်ရှိ အဖွဲ့အစည်းများ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို တိကျစွာသတ်မှတ်ပေးရန်နှင့် နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများနှင့် ဝန်ဆောင်မှုအဖွဲ့အစည်းများတွင် တာဝန်ခံဆောင်ရွက်ရသည့် ပုဂ္ဂိုလ်များအားလည်း လုပ်ငန်းအရ တာဝန်ရှိမှု၊ တာဝန်ခံမှုတို့ကို စနစ်တကျသတ်မှတ်၍ တိကျသောလုပ်ပိုင်ခွင့်များ သတ်မှတ်ဆောင်ရွက်စေရန်။

(ဂ) ကော်မတီသည် နိုင်ငံတော်၏စီမံကိန်းများအရ အကောင်အထည်ဖော်ရမည့်လုပ်ငန်းများနှင့် အခြား ဌာနဆိုင်ရာလုပ်ငန်းများကို ထိရောက်အောင်မြင်စွာနှင့် လျင်မြန်သွက်လက်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် သက်ဆိုင်ရာလုပ်ငန်းအဖွဲ့အစည်းများကို လုပ်ငန်းသဘာဝနှင့် လျော်ညီစွာ စီမံခန့်ခွဲခြင်း ပေါင်းစပ်ညှိနှိုင်းဆက်သွယ်ပေးခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်းများကို စနစ်တကျ ဆောင်ရွက်သွားရန်။

(ဃ) ဝန်ကြီးဌာန စီမံကိန်းလျာထားချက်များနှင့် ရသုံးမှန်းခြေငွေစာရင်းတွင် ထည့်သွင်းလျာထားရန် အဆိုပြုချက်များကို ကော်မတီသို့ ဦးစွာတင်ပြစေ၍ အသေးစိတ်စိစစ်မှုနှင့် ဆန်းစစ်မှုများ ပြုလုပ်သွားရန်။

(င) ရသုံးမှန်းခြေ ငွေစာရင်းခွင့်ပြုချက်များအရ အသုံးစရိတ်ကျခံရခြင်းများနှင့် ပတ်သက်၍ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းစည်းကမ်းများနှင့် ညီညွတ်မှုရှိစေရေးအတွက် စိစစ်ကြပ်မတ်ရန်။

(စ) မိမိဝန်ကြီးဌာနအတွင်း ငွေကြေးသုံးစွဲမှုများကို အသေးစိတ်စိစစ်၍ ဘဏ္ဍာရေးနှစ်အတွင်း လျာထားချက်ဘောင်အတွင်း ထိန်းချုပ်သုံးစွဲရေးအတွက် ကြပ်မတ်ဆောင်ရွက်ရန်။

(ဆ) မိမိဝန်ကြီးဌာနအောက်ရှိ ဝန်ထမ်းအဖွဲ့အစည်းများ၏ ဖွဲ့စည်းပုံနှင့်ပတ်သက်သော ကိစ္စရပ်များ၊ အရာထမ်းများအား ရာထူးတိုးမြှင့်ခြင်းဆိုင်ရာ ကိစ္စရပ်များ၊ အပြစ်ပေး၊ အရေးယူခြင်းဆိုင်ရာ ကိစ္စရပ်များကို ကော်မတီသို့ တင်ပြ၍ စနစ်တကျကြီးကြပ်ဆောင်ရွက်ရန်။

(ဇ) နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ စီးပွားရေးလုပ်ငန်းများနှင့် ပတ်သက်၍ လုပ်ငန်းတစ်ခုနှင့်တစ်ခု ညီညွတ်စွာဆောင်ရွက်နိုင်ရေး၊ စီးပွားရေးလုပ်ငန်းတစ်ခုအတွင်း အစိတ်အပိုင်းတစ်ခုနှင့်တစ်ခုအကြား ညီညွတ်မှုရှိစေရေး၊ ဝန်ဆောင်မှုတိုးတက်စေရေး၊ စီးပွားရေးလုပ်ငန်းများကို စီးပွားရေးဆန်ဆန် ထိရောက်စွာ စီမံခန့်ခွဲရေး၊ လုပ်ငန်းစွမ်းဆောင်ရည်ကျဆင်းမှု၊ လေလွင့်ဆုံးရှုံးမှုများကို ထိရောက်စွာထိန်းချုပ်ရေးတို့အတွက် ကော်မတီမှ လေ့လာသုံးသပ်၍ နည်းလမ်းများရှာကြံကာ ပြုပြင်သင့်သည်များကို ပြုပြင်ဆောင်ရွက်သွားရန်။

(ဈ) နိုင်ငံခြားတိုင်းပြည်နှင့် ဆက်သွယ်ဆောင်ရွက်ရသောကိစ္စရပ်များ နိုင်ငံခြားငွေသုံးစွဲမှုနှင့် အကျုံးဝင်သောကိစ္စရပ်များ၊ ပြည်ပပို့ကုန်၊ သွင်းကုန်နှင့်သက်ဆိုင်သော ကိစ္စရပ်များ၊ တင်ဒါရွေးချယ်ရေးကိစ္စရပ်များ၊ လေလံတင်ရောင်းချရေးကိစ္စရပ်များကို ကော်မတီသို့တင်ပြစေရန် ကော်မတီက ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်း၊ ညွှန်ကြားချက်များနှင့်အညီ စိစစ်ကြပ်မတ်ရန်။

၃။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးကို လအလိုက် မပျက်မကွက်ကျင်းပမည်ဖြစ်ပြီး အထက်အပိုဒ် (၂) ပါ လုပ်ငန်းဆိုင်ရာကိစ္စများနှင့်ပတ်သက်၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနရှိ ဌာနအဖွဲ့အစည်းများက စီမံခန့်ခွဲရေးကော်မတီသို့ အမှာစာများ တင်ပြရန်ဖြစ်ပါသည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် ၃၀/၂၀၁၇

၁၃၇၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၂ ရက်

(၂၀၁၇ ခုနှစ်၊ မတ်လ ၁၄ ရက်)

### ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင် အဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်ခွင့်ပြုခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၇၄/၂၀၁၅) ဖြင့် တာဝန်ပေးအပ်ခဲ့သော **"ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်"** မှ အဖွဲ့ဝင် ဒေါက်တာတင်လှကြည်၊ ပါမောက္ခ (ဌာနမှူး) (အငြိမ်းစား)၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်အား နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၃ ရက်စွဲပါ စာအမှတ်၊ ၁၇ (၄)/၇/ သမ္မတရုံး အရ ကော်မရှင်အဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်ခွင့်ပြုလိုက်သည်။

ကျော်ဝင်း၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ။
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရှေ့နေချုပ်ရုံး

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက်

(၂၀၁၇ ခုနှစ်၊ မတ်လ ၂၀ ရက်)

အမှတ် ၆၃ ။ ။ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်ဥပဒေရုံး၊ ဒုတိယမြို့နယ်ဥပဒေအရာရှိ (ဥပဒေအရာရှိအဆင့်-၄) ဒေါ်ဝေသဇင်မြင့် (ဥ/၃၀၃၂) လစာနှုန်း (၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀) အား တာဝန်ဝတ္တရားများ လက်ခံဆောင်ရွက်သည့်နေ့မှစ၍ မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်ဥပဒေရုံး၊ မြို့နယ်ဥပဒေအရာရှိ (ဥပဒေအရာရှိအဆင့်-၃) လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) အဖြစ် တိုးမြှင့်ခန့်ထားလိုက်သည်။

ထွန်းထွန်းဦး
ပြည်ထောင်စုရှေ့နေချုပ်
ပြည်ထောင်စုရှေ့နေချုပ်ရုံး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရှေ့နေချုပ်ရုံး

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက်

(၂၀၁၇ ခုနှစ်၊ မတ်လ ၂၀ ရက်)

အမှတ် ၆၄ ။ ။ အောက်ဖော်ပြပါ ဒုတိယညွှန်ကြားရေးမှူး/ ဒုတိယတိုင်းဒေသကြီးဥပဒေအရာရှိ/ ဒုတိယပြည်နယ်ဥပဒေအရာရှိ/ခရိုင်ဥပဒေအရာရှိ (ဥပဒေအရာရှိ အဆင့်-၁) များအား ယင်းတို့၏ အမည်နှင့် ယှဉ်တွဲဖော်ပြထားသော ဥပဒေရုံးအသီးသီးသို့ ပြောင်းရွှေ့ နေရာချထားလိုက်သည် -

| စဉ် | အမည်/ကိုယ်ပိုင်အမှတ် | လက်ရှိရာထူး/ရုံး | ပြောင်းရွှေ့နေရာချထားသည့်ရာထူး/ရုံး |
|---|---|---|---|
| ၁။ | ဦးသိန်းငွေ<br>ဥ/၂၄၂၆ | ဒု-တိုင်းဒေသကြီးဥပဒေအရာရှိ<br>မကွေးတိုင်းဒေသကြီးဥပဒေချုပ်ရုံး | ခရိုင်ဥပဒေအရာရှိ<br>ပခုက္ကူခရိုင်ဥပဒေရုံး |
| ၂။ | ဦးလှမိုး<br>ဥ/၂၄၀၇ | ခရိုင်ဥပဒေအရာရှိ<br>ကလေးခရိုင်ဥပဒေရုံး | ခရိုင်ဥပဒေအရာရှိ<br>မိုးညှင်းခရိုင်ဥပဒေရုံး |
| ၃။ | ဦးထိန်လင်းဦး<br>ဥ/၂၅၇၂ | ဒုတိယညွှန်ကြားရေးမှူး<br>ရုံးအဖွဲ့<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး | ခရိုင်ဥပဒေအရာရှိ<br>ကလေးခရိုင်ဥပဒေရုံး |
| ၄။ | ဒေါ်စန်းစန်းလွင်(ခ)<br>ဒေါ်စန္ဒာ<br>ဥ/၂၁၇၉ | ဒု-ပြည်နယ်ဥပဒေအရာရှိ<br>ကယားပြည်နယ်ဥပဒေချုပ်ရုံး | ဒု-တိုင်းဒေသကြီးဥပဒေအရာရှိ<br>ရန်ကုန်တိုင်းဒေသကြီးဥပဒေချုပ်ရုံး |

ထွန်းထွန်းဦး
ပြည်ထောင်စုရှေ့နေချုပ်
ပြည်ထောင်စုရှေ့နေချုပ်ရုံး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရှေ့နေချုပ်ရုံး

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက်

(၂၀၁၇ ခုနှစ်၊ မတ်လ ၂၀ ရက်)

အမှတ် ၆၅ ။ ။ ကချင်ပြည်နယ်၊ မိုးညှင်းခရိုင်ဥပဒေရုံး၊ ခရိုင်ဥပဒေအရာရှိ (ဥပဒေအရာရှိအဆင့်-၁) ဦးရဲလွင် (ဥ/၂၂၃၉) အား ကချင်ပြည်နယ်ဥပဒေချုပ်ရုံး၊ ဒုတိယပြည်နယ်ဥပဒေအရာရှိ (ဥပဒေအရာရှိ အဆင့်-၁) အဖြစ် ပြောင်းရွှေ့နေရာချထားပြီး ပြည်နယ်ဥပဒေအရာရှိ (တာဝန်) ထမ်းဆောင်စေလိုက်သည်။

ထွန်းထွန်းဦး
ပြည်ထောင်စုရှေ့နေချုပ်
ပြည်ထောင်စုရှေ့နေချုပ်ရုံး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နေပြည်တော်ကောင်စီ

### ရုံးအမိန့်အမှတ် (၁၀၀/၂၀၁၆)

၁၃၇၈ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၃ ရက်

(၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၁ ရက်)

### ကိုယ်ရေးအရာရှိခန့်အပ်ခြင်း

၁။ နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၆ ခုနှစ်၊ ဧပြီလ ၂၆ ရက်စွဲပါ အမိန့်အမှတ် (၇/၂၀၁၆) ဖြင့် ခန့်အပ်ခဲ့သော နေပြည်တော်ကောင်စီဝင် ဦးအောင်မြင့်ထွန်း၏ ကိုယ်ရေးအရာရှိ လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)

ရာထူးနေရာတွင် နေပြည်တော်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အငယ်တန်းစာရေး ဦးသူရဇော်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ် [၉/ပမန (နိုင်) ၁၈၂၀၅၇] အား နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ကောင်စီဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေနှင့်အညီ အမှန်တကယ် အလုပ်ဝင်ရောက်သည့် ရက်နေ့မှစ၍ ခန့်ထားလိုက်သည်။

၂။ လစာနှုန်းထား (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) တွင် အမြင့်ဆုံးလစာငွေ (၂၇၀,၀၀၀/-) ကို ခံစားခွင့်ပြုလိုက်သည်။

ဒေါက်တာမျိုးအောင်
ဥက္ကဋ္ဌ
နေပြည်တော်ကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နေပြည်တော်ကောင်စီ

## ရုံးအမိန့်အမှတ် (၁၀၂/၂၀၁၆)

၁၃၇၈ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၃ ရက်
(၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၁ ရက်)

## ကိုယ်ရေးအရာရှိခန့်အပ်ခြင်း

၁။ နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၆ ခုနှစ်၊ ဧပြီလ ၂၆ ရက်စွဲပါ အမိန့်အမှတ် (၇/၂၀၁၆) ဖြင့် ခန့်အပ်ခဲ့သော နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၏ ကိုယ်ရေးအရာရှိ လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) ရာထူးနေရာတွင် နေပြည်တော်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဦးစီးအရာရှိ ဦးဇော်ဇော်ယံ့၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ် [၁၂/ဥကမ (နိုင်) ၂၀၇၉၆၈] အား နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ကောင်စီဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေနှင့်အညီ အမှန်တကယ် အလုပ်ဝင်ရောက်သည့် ရက်နေ့မှစ၍ ခန့်ထားလိုက်သည်။

၂။ လစာနှုန်းထား (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) တွင် အမြင့်ဆုံးလစာငွေ (၂၇၀,၀၀၀/-) ကို ခံစားခွင့်ပြုလိုက်သည်။

ဒေါက်တာမျိုးအောင်
ဥက္ကဋ္ဌ
နေပြည်တော်ကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နေပြည်တော်ကောင်စီ

## ရုံးအမိန့်အမှတ် (၂၅/၂၀၁၇)

၁၃၇၈ ခုနှစ်၊ တပေါင်းလဆန်း ၄ ရက်
(၂၀၁၇ ခုနှစ်၊ မတ်လ ၁ ရက်)

## ကိုယ်ရေးအရာရှိခန့်အပ်ခြင်း

၁။ နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၆ ခုနှစ်၊ ဧပြီလ ၂၆ ရက်စွဲပါ အမိန့်အမှတ် (၇/၂၀၁၆) ဖြင့် ခန့်အပ်ခဲ့သော နေပြည်တော်ကောင်စီဝင် ဦးအောင်မြင့်ထွန်း၏ ကိုယ်ရေးအရာရှိ လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) ရာထူးနေရာတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ အကြီးတန်းစာရေး၊ ဦးဉာဏ်မိုးထက်ဆွေ၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ် [၉/မခန (နိုင်) ၁၇၀၈၁၇] အား နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ကောင်စီဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေနှင့်အညီ အမှန်တကယ် အလုပ်စတင်ဝင်ရောက်သည့် နေ့မှစ၍ ခန့်ထားလိုက်သည်။

၂။ လစာနှုန်းထား (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) တွင် အမြင့်ဆုံးလစာငွေ (၂၇၀,၀၀၀/-) ကို ခံစားခွင့်ပြုလိုက်သည်။

ဒေါက်တာမျိုးအောင်
ဥက္ကဋ္ဌ
နေပြည်တော်ကောင်စီ

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၇၉ ခုနှစ်၊ နယုန်လပြည့်ကျော် ၇ ရက် ( ၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၆ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

### အမျိုးသားလွှတ်တော်ရုံး
### အမိန့်ကြော်ငြာစာအမှတ် (၀၁၇/၂၀၁၇)

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၄ ရက်
(၂၀၁၇ ခုနှစ်၊ မတ်လ ၁၆ ရက်)

၁။ အမျိုးသားလွှတ်တော်ရုံး၏ ၂၀၁၇ ခုနှစ်၊ မတ်လ ၁၄ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၀၁၆/၂၀၁၇) အရ ရာထူးတိုးမြှင့်ခန့်အပ်ခြင်းခံရသည့် သုတေသန၊ ပြည်သူ့ဆက်ဆံရေးနှင့်နိုင်ငံတကာဆက်ဆံရေးဌာနကြီးမှ ဦးစီးအရာရှိ ဦးထက်ဆွေဦးသည် လက်ထောက်ညွှန်ကြားရေးမှူး၏တာဝန်ဝတ္တရားများကို ၂၀၁၇ ခုနှစ်၊ မတ်လ ၁၅ ရက်နေ့ နံနက်ပိုင်းမှစ၍ လက်ခံဆောင်ရွက်ပါသည်။

၂။ ဦးထက်ဆွေဦးအား လက်ထောက်ညွှန်ကြားရေးမှူး လစာနှုန်း (၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) ရာထူးတွင် ကနဦးလစာ ၂၈၀,၀၀၀/- ကို နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၅၁ အရ တာဝန်ဝတ္တရားများ လက်ခံဆောင်ရွက်သည့်နေ့မှစ၍ ခံစားခွင့်ပြုလိုက်သည်။

### အမိန့်ကြော်ငြာစာအမှတ် (၀၁၈/၂၀၁၇)

၁။ အမျိုးသားလွှတ်တော်ရုံး၏ ၂၀၁၇ ခုနှစ်၊ မတ်လ ၁၄ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၀၁၅/၂၀၁၇) အရ ရာထူးတိုးမြှင့်ခန့်အပ်ခြင်းခံရသည့် အောက်ပါ လက်ထောက်ညွှန်ကြားရေးမှူး (၂) ဦးတို့သည် ဒုတိယညွှန်ကြားရေးမှူး၏တာဝန်ဝတ္တရားများကို ၂၀၁၇ ခုနှစ်၊ မတ်လ ၁၅ ရက်နေ့ နံနက်ပိုင်းမှစ၍ လက်ခံဆောင်ရွက်ပါသည် -

(က) ဦးမင်းဇော်ဦး

(ခ) ဒေါ်ဖြူဖြူလင်း

၂။ အဆိုပါအရာထမ်း (၂) ဦးတို့အား ဒုတိယညွှန်ကြားရေးမှူး လစာနှုန်း (၃၁၀,၀၀၀-၄,၀၀၀-၃၃၀,၀၀၀) ရာထူးတွင် ကနဦးလစာ ၃၁၀,၀၀၀/- ကို နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၅၁ အရ တာဝန်ဝတ္တရားများ လက်ခံဆောင်ရွက်သည့်နေ့မှစ၍ ခံစားခွင့်ပြုလိုက်သည်။

(ပုံ) လွင်ဦး၊
ညွှန်ကြားရေးမှူးချုပ်၊
အမျိုးသားလွှတ်တော်ရုံး။

## အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

## အမိန့်ကြော်ငြာစာအမှတ် (၁၄/၂၀၁၇)

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၁ ရက်

( ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက် )

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အုပ်ချုပ်ရေးမှူး ဦးလှမျိုး (ပ/၅၃၆၁) အား ပထမအကြိမ်နှစ်တိုးစေ့ရောက်သည့် ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်နေ့မှစ၍ ပထမအကြိမ်နှစ်တိုးလစာအပါအဝင် လစာငွေ ၃၄၄,၀၀၀/- ကို ထုတ်ယူခံစားခွင့်ပြုလိုက်သည်။

တင်မြင့်၊

ညွှန်ကြားရေးမှူးချုပ်၊

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

## စစ်ရာထူးခန့်ချုပ်ရုံး

## (ကြည်းတပ်ဌာနစု)

၁၃၇၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၄ ရက်

(၂၀၁၇ ခုနှစ်၊ မတ်လ ၁၆ ရက်)

အမှတ် ၂၄/၂၀၁၇ ။ ။ ကြည်း ၆၁၆၉၄ ဗိုလ် ဟိန်းထက်အောင် အား အကျဉ်းစစ်တရားရုံးချုပ်၏ ပြစ်ဒဏ်စီရင်ချက်အရ ၂၀၁၇ ခုနှစ်၊ မတ်လ ၆ ရက်နေ့မှစ၍ တပ်မတော် (ကြည်း) တွင် စစ်မှုထမ်းခြင်းမှ ရှုတ်ချ၍ အမြဲတမ်းထုတ်ပစ်လိုက်သည်။

၁၃၇၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက်

(၂၀၁၇ ခုနှစ်၊ မတ်လ ၁၇ ရက်)

အမှတ် ၂၅/၂၀၁၇ ။ ။ ကြည်း ၄၄၁၈၉ ဗိုလ်ကြီး ဝင်းသန့် အား အကျဉ်းစစ်တရားရုံးချုပ်၏ ပြစ်ဒဏ်စီရင်ချက်အရ ၂၀၁၇ ခုနှစ်၊ မတ်လ ၁၁ ရက်နေ့မှစ၍ တပ်မတော် (ကြည်း) တွင် စစ်မှုထမ်းခြင်းမှ ရှုတ်ချ၍ အမြဲတမ်းထုတ်ပစ်လိုက်သည်။

အမှတ် ၂၆/၂၀၁၇ ။ ။ အောက်ဖော်ပြပါ အရာခံဗိုလ်များအား ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၇၂) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ ၂၀၁၇ ခုနှစ်၊ မတ်လ ၁၇ ရက်နေ့မှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည် -

(၁) မြင့်သန်း ကြည်း ၇၁၆၀၀

(၂) မြင့်ဦး ကြည်း ၇၁၆၀၁

အမိန့်အရ

ဒုတိယဗိုလ်ချုပ်ကြီးလူအေး၊

စစ်ရာထူးခန့်ချုပ်၊

စစ်ရာထူးခန့်ချုပ်ရုံး။

## ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၃ ရက်
(၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်)

အမှတ် ၅ ။ ။ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဝန်ကြီးရုံး၌ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့တွင် ကျင်းပပြုလုပ်သော ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁/၂၀၁၇) ခွင့်ပြုချက်အရ၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်၊ ရန်ကုန်၊ သမိုင်းဌာနမှ ကထိက လစာနှုန်း (၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) ဒေါက်တာ နော်သဇင်မိုးမြင့် အား ယင်း၏ဆန္ဒအရ အလုပ်တာဝန်များ စွန့်လွှတ်သည့်နေ့မှစ၍ ဝန်ထမ်းအဖြစ်မှ နုတ်ထွက်ခွင့်ပြုလိုက်သည်။

သိန်းဌေးဦး၊
ခေတ္တညွှန်ကြားရေးမှူးချုပ်၊
ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန။

## သစ်တောတက္ကသိုလ်၊ ရေဆင်း

## University of Forestry

### အမိန့်ကြော်ငြာစာအမှတ် (၀၃/၂၀၁၇)

၁၃၇၈ ခုနှစ်၊ တပို့တွဲလဆန်း ၄ ရက်
(၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်)

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၏ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက်စွဲပါ စာအမှတ်-အဆင့်မြင့်/ ရုံးချုပ်/စီမံ/သစ်တော/၂၀၁၆(၅၆၉၄) နှင့် သစ်တောတက္ကသိုလ် ပါမောက္ခချုပ်ရုံးတွင် ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်နေ့၌ ကျင်းပပြုလုပ်သည့် စီမံခန့်ခွဲမှုကော်မတီ၏ (၀၂/၂၀၁၇) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်တို့အရ အောက်ဖော်ပြပါပုဂ္ဂိုလ်အား သစ်တောတက္ကသိုလ်တွင် လစ်လပ်လျက်ရှိသော လစာနှုန်း (၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀) ဒုကြီးကြပ်ရေးမှူးရာထူးနေရာသို့ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့မှစ၍ ခန့်ထားလိုက်သည် -

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် |
|---|---|---|
| ၁။ | ဦးအောင်ဆန်းဝင်း | ၉/ပဘန(နိုင်)၁၅၃၈၃၈ |

ဒုကြီးကြပ်ရေးမှူး ရာထူးခန့်ထားခြင်းသည် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ အလုပ်ခန့်ထားရေးကတ်ပြား (အလလခ-ပုံစံ-၇) နှင့် သက်ဆိုင်ရာမှ ကျန်းမာကြောင်း ဆေးလက်မှတ်အထောက်အထား တင်ပြနိုင်မှသာလျှင် အတည်ဖြစ်သည်။

### အမိန့်ကြော်ငြာစာအမှတ် (၀၄/၂၀၁၇)

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၏ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက်စွဲပါ စာအမှတ်-အဆင့်မြင့်/ ရုံးချုပ်/စီမံ/သစ်တော/၂၀၁၆(၅၆၉၄) နှင့် သစ်တောတက္ကသိုလ် ပါမောက္ခချုပ်ရုံးတွင် ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်နေ့၌ ကျင်းပပြုလုပ်သည့် စီမံခန့်ခွဲမှုကော်မတီ၏

(၀၂/၂၀၁၇) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်တို့အရ အောက်ဖော်ပြပါသိပ္ပံ (သစ်တော) ဘွဲ့ရများအား သစ်တောတက္ကသိုလ်တွင် လစ်လပ်လျက်ရှိသော လစာနှုန်း (၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀) သရုပ်ပြရာထူးနေရာများသို့ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့မှစ၍ ခန့်ထားလိုက်သည် -

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် |
|---|---|---|
| ၁။ | ဒေါ်စုစုဖြိုး | ၇/ပခက(နိုင်)၃၁၅၁၆၅ |
| ၂။ | ဦးခင်ဇော်ဝင်း | ၉/တသန(နိုင်)၁၅၉၇၀၄ |
| ၃။ | ဦးဇင်ဝင်းလတ် | ၉/ပသက(နိုင်)၁၁၂၁၁၃ |
| ၄။ | ဦးနေလင်းမောင် | ၉/ဝတန(နိုင်)၁၆၇၇၁၁ |

သရုပ်ပြများခန့်ထားခြင်းသည် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ အလုပ်ခန့်ထားရေးကတ်ပြား (အလလခ-ပုံစံ-၇) နှင့် သက်ဆိုင်ရာမှ ကျန်းမာကြောင်း ဆေးလက်မှတ်အထောက်အထား တင်ပြနိုင်မှ သာလျှင် အတည်ဖြစ်သည်။

ဒေါက်တာမြင့်ဦး၊
ပါမောက္ခချုပ်၊
သစ်တောတက္ကသိုလ်။

## သစ်တောဦးစီးဌာန

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တပို့တွဲလဆန်း ၅ ရက်
(၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်)

အမှတ် ၆၇ ။ ။ သစ်တောဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကနီမြို့နယ်မှ တောအုပ်ဦးကိုကိုကြီး ဦးဆောင်သောအဖွဲ့သည် ကင်းဘိနယ်၊ သစ်တောစခန်းရုံးရှိ ချင်းတွင်းမြစ်အတွင်း (ခမ မပညာ 2294-09 FA-748184) တွင် "အာကာကျော်" မော်တော်(စိမ်း/နီညို) သံခွန်မော်တော်ပေါ်မှ မော်လိုက်ခရိုင်၊ သစ်တောဦးစီးဌာန၏ ဘီလ်ပြေစာအမှတ် (၅၂၅၈/၂၅) နှင့် (၅၂၅၈/၃၀) တို့အရ ဖောင်းပြင်မြို့နယ်၊ သစ်တောဦးစီးဌာန၏ မျှောစာအမှတ် (၂၂၅၂၃/၁၉) ဖြင့် သယ်ဆောင်လာသောတမလန်းခွားရွှေ (၃၆ တုံး=၁. ၈၃၈ တန်) အား စစ်ဆေးခဲ့ရာ (၅. ၁၀၇၄) တန်ရှိကြောင်း စစ်ဆေးတွေ့ရှိရသည့်အတွက် မျှောစာပါ ပမာဏနှင့် (၃) ဆခန့်ကွာနေခြင်း ကိစ္စနှင့်ပတ်သက်၍ ဌာနဆိုင်ရာ စုံစမ်းစစ်ဆေးရာတွင် သစ်တောဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဖောင်းပြင်မြို့နယ်၊ ဦးစီးအရာရှိ ဦးခွန်ဖိုးသည် လေလံတင်ဆောင်ရွက်ပြီးစီးသော ပုံစံ (၈) သစ်များအား လွှတ်/ရောင်းတံဆိပ်ရိုက်မှတ်ခြင်းကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်မှုမရှိခြင်း၊ မျှောစာ ထုတ်ပေးရာတွင် သေချာစွာ စိစစ်မှုမရှိခြင်းတို့ကြောင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၁၆၂၊ နည်းဥပဒေခွဲ (က) (ခ) (ဂ) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၁၆၃၊ နည်းဥပဒေခွဲ (ခ) တို့ကို ငြိစွန်းကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲမှုကော်မတီ၏ (၃/၂၀၁၇) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ ဦးစီးအရာရှိ ဦးခွန်ဖိုး အား အောက်ပါအတိုင်း အပြစ်ပေးလိုက်သည် -

(က) ဦးစီးအရာရှိ လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) ရာထူးမှ တောအုပ်ကြီး လစာနှုန်း (၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀) ရာထူးသို့ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့ နံနက်ပိုင်းမှစ၍ လျှော့ချလိုက်သည်။

(ခ) ပြစ်ဒဏ်ကာလကို (၂) နှစ်သက်မှတ်သည်။

(ဂ) တောအုပ်ကြီး လစာနှုန်း (၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀) ရာထူးတွင် အမြင့်ဆုံးလစာ ၁၉၀,၀၀၀/- ကို ထုတ်ယူခံစားခွင့်ပြုသည်။

(ဃ) နောင်နှစ်တိုးလစာများကို ရွှေ့သွားခြင်းမရှိစေရ။

အမှတ် ၆၈ ။ ။ မန္တလေးတိုင်းဒေသကြီး၊ နတ်သမီးလမ်းခွဲ၊ တကောင်းမြို့နယ်ခွဲ၊ ဒေါ်ခင်မေဝင်းမှ ပုံစံ (၈) လေလံအောင် ပိတောက်သစ်တန် (၉၀) မှ (၄၈) တန်ခန့်ကို တရားဝင်ပစ္စည်း (တံဆိပ်ရိုက်နှိပ်ပါ) သစ်များဖမ်းဆီးမိခြင်းအပေါ် ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၁ ရက်စွဲပါစာဖြင့် ပြည်ထောင်စုဝန်ကြီးထံ လိပ်မူတိုင်ကြားခြင်းနှင့် ပတ်သက်၍ မန္တလေးတိုင်းဒေသကြီး၊ ညွှန်ကြားရေးမှူး ဦးဆောင်သောအဖွဲ့မှ ကွင်းဆင်းစစ်ဆေးရာတွင် တရားဝင် ဘီလ်ပြေစာ အထောက်အထားနှင့်ကိုက်ညီမှုမရှိဘဲ တံဆိပ်အမှတ်အသား မပြည့်စုံသည့် သစ်များ၊ အတိုင်းစာရင်း နှင့် ကိုက်ညီမှုမရှိသည့် တရားမဝင်ပိတောက်ဓားရွေ (၁၈၇ ချောင်း=၃၄. ၁၂၁၀) တန်နှင့် ပိတောက်သစ်လုံး (၇၃ လုံး = ၁၄. ၆၈၀ တန်) ဖမ်းဆီးရမိခဲ့ပြီး ပိုင်ရှင် ဦးပြည့်စုံထွန်းအားလည်းကောင်း၊ ကျွန်းခွဲသား (၁၄၈ ချောင်း = ၁. ၀၁၆၈ တန်)၊ ပျဉ်းကတိုး/ အင်ကြင်းခွဲသား (၆၄ ချောင်း = ၁. ၄၄၀၇) တန်၊ ပိတောက်ခြမ်း (၄ ခြမ်း = ၀. ၆၇၀၀ တန်) ဖမ်းဆီးရမိခဲ့ပြီး ပိုင်ရှင် ဦးခင်ဇော်အားလည်းကောင်း၊ သစ်တောဥပဒေအရ တရားခံများကို တရားစွဲဆိုခဲ့ခြင်းနှင့်စပ်လျဉ်းပြီး ဌာနဆိုင်ရာစုံစမ်းစစ်ဆေးရာတွင် သစ်တောဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ်၊ တကောင်းမြို့နယ်ခွဲ နယ်မြေ (၁) တာဝန်ခံ တောအုပ်ကြီး ဦးဝင်းမြင့်သည် ၎င်းတာဝန်ယူ အုပ်ချုပ်ရသော နယ်မြေအတွင်း သစ်တောလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ တရားမဝင်သစ် ဖမ်းဆီးခြင်း၊ ဘိနယ်(၆) ခုအား တာဝန်ယူအုပ်ချုပ်ရခြင်း စသည့်လုပ်ငန်းဆောင်ရွက်လျက်ရှိသော်လည်း မန္တလေးတိုင်းဒေသကြီး၊ ညွှန်ကြားရေးမှူး နှင့်အဖွဲ့ လာရောက်ရှာဖွေ၍ တရားမဝင်သစ်များ ဖမ်းဆီးရမိခဲ့သဖြင့် မိမိတာဝန်ယူအုပ်ချုပ်ရသော နယ်မြေ အတွင်း ကွင်းဆင်းစစ်ဆေးမှုအားနည်းပြီး တာဝန်မကျေပွန်ခြင်းကြောင့် နိုင်ငံ့တာဝန်နည်းဥပဒေ ၁၆၂၊ နည်းဥပဒေခွဲ (က) ကို ငြိစွန်းကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲမှုကော်မတီ၏ (၃/၂၀၁၇) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ တောအုပ်ကြီး ဦးဝင်းမြင့် အား နောင်အလားတူ ကိစ္စမျိုး မပေါ်ပေါက်စေရန် သတိပေးလိုက်သည်။

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တပို့တွဲလဆန်း ၁၁ ရက်
( ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက် )

အမှတ် ၈၈ ။ ။ ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာမြို့နယ်တွင် ပဋိပက္ခဖြစ်ပွားခဲ့သည့် ဧရိယာအတွင်း စပါးရိတ်သိမ်းဆောင်ရွက်မည့် အစီအမံများနှင့်ပတ်သက်၍ သစ်တောဦးစီးဌာန၊ ခရိုင်ဦးစီးမှူး ဦးဝင်းနိုင်အား မြို့နယ်လုပ်ငန်းများကြီးကြပ်ရန် ဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ခဲ့သော်လည်း မိမိတာဝန်ကျဒေသတွင် အခြေစိုက်ခြင်းမရှိဘဲ မြောင်းမြမြို့သို့ ရောက်ရှိနေပါသဖြင့် လိုအပ်သလို အရေးယူဆောင်ရွက်ပေးပါရန် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ တင်ပြသည့်စာနှင့်ပတ်သက်၍ ဌာနဆိုင်ရာ စုံစမ်းစစ်ဆေးရာတွင် သစ်တောဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြခရိုင်၊ လက်ထောက် ညွှန်ကြားရေးမှူး ဦးဝင်းနိုင်-၈ သည် ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာမြို့နယ်၊ ကြာကန်ကွင်းပေါက်သစ်တော ကြိုးဝိုင်းအတွင်း ပဋိပက္ခဖြစ်ပွားခဲ့သည့် ဧရိယာ၌ စပါးရိတ်သိမ်းဆောင်ရွက်မည့် အစီအမံများနှင့်ပတ်သက်၍ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့သော်လည်း နေပြည်တော်သို့ တာဝန်ဖြင့် ခရီးသွားလာခြင်းကို သက်ဆိုင်ရာလပွတ္တာခရိုင်၊ အုပ်ချုပ်ရေးမှူးသို့ သတင်းပို့တင်ပြရန်နှင့် ခရီး ထွက်ခွာစဉ်ကာလအတွင်း မြို့နယ်လုပ်ငန်းကြီးကြပ်ရေးကော်မတီအဖွဲ့ခေါင်းဆောင်၏ တာဝန်ဝတ္တရားများ အား မြောင်းမြမြို့နယ်၊ ဦးစီးအရာရှိ ဦးချစ်သန်းထွန်းသို့ လွှဲအပ်ထားပါကြောင်း စာဖြင့် တရားဝင်တင်ပြရန် ပျက်ကွက်ခြင်းမှာ တာဝန်ကို ပေါ့ဆစွာထမ်းဆောင်ခြင်းကြောင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၁၆၂၊ နည်းဥပဒေခွဲ (က) ကို ငြိစွန်းကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ရက်နေ့တွင် ကျင်းပပြုလုပ်သည့် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲမှုကော်မတီ၏ (၄/၂၀၁၇) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းနိုင်(၈)အား နောင်အလားတူကိစ္စမျိုး မပေါ်ပေါက်စေရန် သတိပေးလိုက်သည်။

အမှတ် ၈၉ ။ ။ ကယားပြည်နယ်၊ လွိုင်ကော်မြို့နယ်၊ နွားလပိုးကျေးရွာအုပ်စုနှင့် လွိုင်လင်ကျေးရွာ အုပ်စုအတွင်းရှိ အင်းပင်ငယ်လေးများအား ဒေသခံသစ်ခုတ်သမားများမှ ခုတ်ယူပြီး ဦးတင်ထွန်းပိုင် “ထွန်းလင်းသာ” သစ်စက်နှင့် ဦးလှမင်းပိုင် “ဖိုးလမင်း” သစ်စက်တို့မှ ဝယ်ယူခွဲစိတ်နေခြင်းအား အရေးယူ

ပေးပါရန် တိုင်ကြားစာအပေါ် လှိုင်ကော်ခရိုင်နှင့်မြို့နယ် သစ်တောဦးစီးဌာနမှ ဝန်ထမ်းများအား အဆိုပါ သစ်စက်များသို့ ကွင်းဆင်းစစ်ဆေးဖမ်းဆီးစေခဲ့ရာ "ထွန်းလင်းသာ" သစ်စက်အတွင်းမှ တရားမဝင်အင်ခွဲသား (၆၁ ချောင်း=၀. ၂၀၂ တန်)၊ "ဖိုးလမင်း" သစ်စက်အတွင်းမှ တရားမဝင် လျှပ်စစ်မော်တော 15HP (၁) လုံး၊ အခြားသစ်/တိုင် (၂၉ လုံး=၄. ၇၂၄ တန်)၊ သစ်ယာခွဲသား (၁၄ ချောင်း=၀. ၁၆၅၂ တန်)၊ အင်ခွဲသား (၂၂ ချောင်း=၀. ၁၈၆၆ တန်)၊ စုစုပေါင်း (၅. ၄၇၅၈) တန် ဖမ်းဆီးရမိခဲ့ခြင်းတို့နှင့်ပတ်သက်၍ ဌာနဆိုင်ရာစုံစမ်းစစ်ဆေးရာတွင် သစ်တောဦးစီးဌာန၊ ကယားပြည်နယ်၊ လှိုင်ကော်မြို့နယ်၊ ဦးစီးအရာရှိ ဦးထွန်းအောင်လင်းသည် မိမိတာဝန်ယူအုပ်ချုပ်ရသော မြို့နယ်အတွင်း စီမံအုပ်ချုပ်မှုအားနည်းခြင်း၊ ကွင်းဆင်းစစ်ဆေးမှုမရှိခြင်း၊ တာဝန်ကို ကျေပွန်စွာဆောင်ရွက်နိုင်မှုမရှိခြင်း၊ ထုတ်ပြန်ထားသည့် အမိန့်ညွှန်ကြားချက်များကို လိုက်နာရန် ပျက်ကွက်ခြင်းတို့ကြောင့် နိုင်ငံ့ဝန်ထမ်း နည်းဥပဒေ ၁၆၂၊ နည်းဥပဒေခွဲ (က) (ဃ) တို့ကို ငြိစွန်းစစ်ဆေးတွေ့ရှိရသဖြင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနတွင် ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ရက်နေ့တွင် ကျင်းပပြုလုပ်သည့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲမှုကော်မတီ၏ (၄/၂၀၁၇) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ ဦးစီးအရာရှိ ဦးထွန်းအောင်လင်းအား အောက်ပါအတိုင်း အပြစ်ပေး လိုက်သည် -

(က) နှစ်တိုးစေ့ရောက်သည့်နေ့မှစ၍ နှစ်တိုး (၁) ကြိမ်ရပ်ဆိုင်းလိုက်သည်။

(ခ) ပြစ်ဒဏ်ကာလ (၂) နှစ်သတ်မှတ်သည်။

(ဂ) နောင်နှစ်တိုးလစာများကို ရွှေ့သွားခြင်းမရှိစေရ။

အမှတ် ၉၂ ။ ။ သစ်တောဦးစီးဌာန၊ ဦးစီးရုံးချုပ်တွင် ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်နေ့၌ ပြုလုပ်သော အထူးလုပ်ငန်းညှိနှိုင်းအစည်းအဝေး (၄/၂၀၁၇) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ သစ်တောဦးစီးဌာနမှ အောက်ဖော်ပြပါတောအုပ်ကြီးများအား ၎င်းတို့အမည်နှင့် ယှဉ်တွဲဖော်ပြပါအတိုင်း ပြောင်းရွှေ့နေရာ ချထားလိုက်သည် -

| စဉ် | အမည် | မှ | သို့ |
|---|---|---|---|
| ၁ | ဦးကျော်ကျော်ဦး | ပေါင်းတည်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး | မကွေးတိုင်းဒေသကြီး |
| ၂ | ဦးသိန်းလွင် | ဂွမြို့နယ်၊ ရခိုင်ပြည်နယ် | မန္တလေးတိုင်းဒေသကြီး |
| ၃ | ဦးမျိုးသိန်းထိုက် | ရေဝေရေလဲဒေသအုပ်ချုပ်ရေး ဌာန | မကွေးတိုင်းဒေသကြီး |
| ၄ | ဦးမျိုးထွန်း | တောင်ကုတ်မြို့နယ်၊ ရခိုင်ပြည်နယ် | မန္တလေးတိုင်းဒေသကြီး |
| ၅ | ဦးအောင်မြင့်မြတ် | ဦးစီးရုံးချုပ်၊ စစ်ဆေးရေးဌာန | ဦးစီးရုံးချုပ်၊ စစ်ဆေးရေးဌာန (တနင်္သာရီကြိုးဝိုင်းတွဲဖက်) |

(၂၁) ရက်အတွင်း ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရန်ဖြစ်သည်။

အမှတ် ၉၃ ။ ။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီးရုံး၏ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်စွဲပါ စာအမှတ်၊ (သစ်တော) ၂/(၂)/၀၂(စ)/(၆၁၉/၂၀၁၇) အရ သစ်တောဦးစီးဌာန၊ သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာန၊ ညွှန်ကြားရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းနိုင် (၁) အား ၎င်း၏ဆန္ဒဖြင့် လျှောက်ထားချက်အရ ၂၀၁၇ ခုနှစ်၊ မတ်လ ၁ ရက်နေ့ နံနက်ပိုင်းမှစ၍ နှစ်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တပို့တွဲလဆန်း ၁၂ ရက်
( ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက် )

အမှတ် ၁၀၀ ။ ။ သစ်တောဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်၊ တောအုပ်ကြီး၏ အလုပ်တာဝန်များကို ယာယီအားဖြင့် အချိန်ပြည့် ပူးတွဲထမ်းဆောင်နေသော ကျောက်ဆည်ခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကျော်ဇော အား ပြောင်းရွှေ့လာသူ တောအုပ်ကြီး ဦးဆန်းအောင် သို့ မြစ်သားမြို့နယ်၊ တောအုပ်ကြီး၏အလုပ်တာဝန်များကို ပြန်လည်လွှဲပြောင်းပေးပြီးနောက် မိမိ၏အလုပ်တာဝန်များကို ဆက်လက်ထမ်းဆောင်စေလိုက်သည်။

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၁ ရက်
( ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက် )

အမှတ် ၁၄၄ ။ ။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၂၃/၂၀၁၇) အပိုဒ်(၁)အရ သစ်တောတက္ကသိုလ်တွင် တွဲဖက်တာဝန်ပေးအပ်ထားသော သစ်တောဦးစီးဌာန၊ ဦးစီးရုံးချုပ်၊ စီမံကိန်းနှင့် စာရင်းအင်းဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးမင်း၏ ၂၀၁၇ ခုနှစ်၊ မတ်လ ၂၀ရက်နေ့မှ ဇူလိုင်လ ၁၉ ရက်နေ့အထိ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လ ခံစားခွင့်ပြုပါရန် လျှောက်ထားခြင်းကို နိုင်ငံ့ဝန်ထမ်းနည်းဥပဒေအပိုဒ် (၈၁) အရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည့် အမိန့်ကို ထပ်ဆင့်ထုတ်ပြန်လိုက်သည်။

အမှတ် ၁၄၅ ။ ။ ပြည်ထောင်စုဝန်ကြီးရုံး၏ အမိန့်ကြော်ငြာစာအမှတ် (၂၃/၂၀၁၇)၊ အပိုဒ် (၂) အရ ငြင်းပယ်ခဲ့သော အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများအပိုဒ် (၈၉) အရ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၂၀ ရက်နေ့နံနက်ပိုင်းမှစ၍ ပျမ်းမျှလစာဖြင့် ခံစားခွင့်ပြုပြီးနောက် ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်နေ့ နံနက်ပိုင်းမှစ၍ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးမင်း အား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများအပိုဒ် ၂၃၃ (က) အရ သက်ပြည့်အငြိမ်းစားယူခွင့်ပြုလိုက်သည့် အမိန့်ကို ထပ်ဆင့်ထုတ်ပြန်လိုက်သည်။

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၂ ရက်
( ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက် )

အမှတ် ၁၅၀ ။ ။ မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ ဥတ္တံတားကျေးရွာနေ ဦးမောင်ငယ်(ပါ) လုပ်ငန်းရှင် (၃) ဦး၏ ကုလားမတောင်ကြိုးဝိုင်း၊ အကွက်အမှတ် (၄၇) အတွင်း ဥယျာဉ်ခြံ (၁၉. ၉၀) ဧက စိုက်ပျိုးလုပ်ကိုင်ထားရှိမှုအပေါ် နှစ်ကာလရှည်ကြာစွာ သစ်တောနယ်မြေအတွင်း ကျူးကျော်အခြေချနေထိုင်သူများစာရင်းကို ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလက ကောက်ယူခဲ့ရာ၌ ထည့်သွင်းစာရင်းကောက်ယူခဲ့မှုမရှိခြင်းတို့အတွက် တာဝန်ရှိသူအဆင့်ဆင့်အား ဌာနဆိုင်ရာစုံစမ်းစစ်ဆေးရာတွင် သစ်တောဦးစီးဌာန၊ မွန်ပြည်နယ်၊ ပေါင်မြို့နယ်မှ တောအုပ်ကြီး ဦးသန်းဝင်း (ယခု သထုံတွဲဖက်၊ ပေါင်မြို့နယ်) သည် နှစ်ကာလရှည်ကြာစွာ သစ်တောနယ်မြေအတွင်း ကျူးကျော်အခြေချနေထိုင်သူများစာရင်းအား ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလက ကောက်ယူခဲ့ရာတွင် ကြီးကြပ်သူတစ်ဦးအနေဖြင့် စစ်ဆေးရန် ပျက်ကွက်ခဲ့သည့်အတွက် တာဝန်ကို ပေါ့ဆစွာ ထမ်းဆောင်ခြင်းမှာ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၁၆၂၊ နည်းဥပဒေခွဲ (က) ကို ငြိစွန်းကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ဦးစီးရုံးချုပ် စည်းကမ်းထိန်းသိမ်းရေးကော်မတီ၏ (၃/၂၀၁၇) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ တောအုပ်ကြီး ဦးသန်းဝင်း အား နောင်အလားတူကိစ္စမျိုး မပေါ်ပေါက်စေရန် သတိပေးလိုက်သည်။

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တပေါင်းလဆန်း ၉ ရက်
( ၂၀၁၇ ခုနှစ်၊ မတ်လ ၆ ရက် )

အမှတ် ၁၈၁ ။ ။ သစ်တောဦးစီးဌာန၊ ဦးစီးရုံးချုပ်၊ စီမံကိန်းနှင့်စာရင်းအင်းဌာနမှ ဦးစီးအရာရှိ ဒေါ်လှလှရီ အား သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) ကို နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အပိုဒ် (၈၁) အရ ပျမ်းမျှလစာဖြင့် ၂၀၁၇ ခုနှစ်၊ ဧပြီလ ၂၈ ရက်နေ့နံနက်ပိုင်းမှစ၍ ခံစားခွင့်ပြုလိုက်သည်။ အဆိုပါခွင့်ကုန်ဆုံးသည့် ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်နေ့နံနက်ပိုင်းမှစ၍ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တပေါင်းလဆန်း ၁၂ ရက်
( ၂၀၁၇ ခုနှစ်၊ မတ်လ ၉ ရက် )

အမှတ် ၁၉၈ ။ ။ သစ်တောဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင် လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်နိုင်ဦး အား သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အပိုဒ် (၈၁) အရ ပျမ်းမျှလစာဖြင့် ၂၀၁၇ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့ နံနက်ပိုင်းမှစ၍ ခံစားခွင့်ပြုလိုက်သည်။ အဆိုပါခွင့်ကုန်ဆုံးသည့် ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်နေ့ နံနက်ပိုင်းမှစ၍ သက်ပြည့်အငြိမ်းစားယူခွင့် ပြုလိုက်သည်။

အမှတ် ၂၀၀ ။ ။ သစ်တောဦးစီးဌာန၊ ဦးစီးရုံးချုပ်တွင် ၂၀၁၇ ခုနှစ်၊ မတ်လ ၇ ရက်နေ့၌ ကျင်းပ ပြုလုပ်သော အထူးလုပ်ငန်းညှိနှိုင်းအစည်းအဝေး (၅/၂၀၁၇) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ သစ်တောဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ညွှန်ကြားရေးမှူးရုံးတွင် ယာယီတွဲဖက်ထားရှိသော ဖောင်းပြင် မြို့နယ်မှ တောအုပ်ကြီး ဦးခွန်ဖိုး အား စစ်ကိုင်းတိုင်းဒေသကြီးတွင် နေရာချထားလိုက်သည်။

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တပေါင်းလဆန်း ၁၃ ရက်
( ၂၀၁၇ ခုနှစ်၊ မတ်လ ၁၀ ရက် )

အမှတ် ၂၂၁ ။ ။ ကရင်ပြည်နယ်၊ ကော့ကရိတ်ခရိုင်၊ ကော့ကရိတ်မြို့နယ်၊ လိပ်ကော်တောင်ကြီးပြင် ကာကွယ်တော၊ အကွက်အမှတ် (၁၅)အတွင်းနှင့် ကြာအင်းဆိပ်ကြီးမြို့နယ်၊ ကျုံခဝန်ကြိုးဝိုင်း၊ အကွက်အမှတ် (၈၁) တို့အတွင်း ခွင့်ပြုချက်မရှိဘဲ တာဝါတိုင်ဆောက်လုပ်ထားရှိခြင်းနှင့်ပတ်သက်၍ စတင်ဆောက်လုပ်သည့် ကာလမှစ၍ ယနေ့အထိ တာဝန်ကျနယ်မြေတာဝန်ခံနှင့် ဘိနယ်တာဝန်ခံများအား ဌာနဆိုင်ရာ စုံစမ်းစစ်ဆေး ရာတွင် သစ်တောဦးစီးဌာန၊ ကရင်ပြည်နယ်၊ ကြာအင်းဆိပ်ကြီးမြို့နယ်မှ တောအုပ်ကြီး ဦးစန်းမြင့်သည် မိမိတာဝန်ကျနယ်မြေရှိ ကျုံခဝန်ကြိုးဝိုင်း၊ အကွက်အမှတ် (၈၁) အတွင်း ခွင့်ပြုချက်မရှိဘဲ တာဝါတိုင် ဆောက်လုပ်ထားရှိမှုနှင့်ပတ်သက်၍ လုပ်ငန်းစတင်ချိန် မေလမှ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်နေ့မှသာ သိရှိရခြင်းကြောင့် ကွင်းဆင်းစစ်ဆေးမှုနှင့် နယ်မြေသတင်းအား အချိန်နှင့်တစ်ပြေးညီ ရရှိရေး စီမံဆောင်ရွက်မှုအားနည်းခြင်းကြောင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၁၆၂၊ နည်းဥပဒေခွဲ (က) (ဃ) တို့ကို ငြိစွန်းကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ဦးစီးရုံးချုပ်၊ စည်းကမ်းထိန်းသိမ်းရေးကော်မတီ၏ (၄/၂၀၁၇) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ တောအုပ်ကြီး ဦးစန်းမြင့် အား နောင်အလားတူကိစ္စမျိုး မပေါ်ပေါက်စေရန် သတိပေးလိုက်သည်။

အမှတ် ၂၂၃ ။ ။ စစ်ကိုင်းတိုင်းဒေသကြီး၊ ဝန်ကြီးချုပ်၊ ဥပဒေချုပ်၊ စိုက်ပျိုးမွေးမြူရေးသစ်တော သတ္တုဝန်ကြီးတို့သည် ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်နေ့မှ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်နေ့ အထိ ကသာခရိုင်၊ ကောလင်းမြို့နယ်၊ ဝန်းသိုမြို့နယ်နှင့် ပင်လည်ဘူးမြို့နယ်တို့အတွင်း ရွှေသတ္တုတူးဖော်မှု အခြေအနေအား ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့မှုအပေါ် အမှုဖွင့်အရေးယူဆောင်ရွက်ပြီးစီးကြောင်း တင်ပြလာခြင်းနှင့်ပတ်သက်၍ ဌာနဆိုင်ရာ စုံစမ်းစစ်ဆေးရာတွင် သစ်တောဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ဝန်းသိုမြို့နယ်၊ နယ်မြေ (၃) တာဝန်ခံ တောအုပ်ကြီး ဦးမြင့်ဦး (ယခု-ဖောင်းပြင်မြို့နယ်) သည် မိမိတာဝန်ကျနယ်မြေအတွင်း တရားမဝင် ရွှေသတ္တုတူးဖော်နေခြင်းအား မသိရှိခြင်း၊ ဖမ်းဆီးအရေးယူမှု

မရှိခြင်းမှာ နယ်မြေစီမံအုပ်ချုပ်မှု၊ ကွင်းဆင်းစစ်ဆေးမှု၊ သတင်းစုံစမ်းတင်ပြမှု လွန်စွာအားနည်းသည့်အတွက် တာဝန်ကို ပေါ့ဆစွာထမ်းဆောင်ခြင်းကြောင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၁၆၂၊ နည်းဥပဒေခွဲ (က) ကို ငြိစွန်းကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ဦးစီးရုံးချုပ်၊ စည်းကမ်းထိန်းသိမ်းရေး ကော်မတီ၏ (၄/၂၀၁၇) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ တောအုပ်ကြီး ဦးမြင့်ဦး အား နောင်အလားတူကိစ္စမျိုး မပေါ်ပေါက်စေရန် သတိပေးလိုက်သည်။

အမှတ် ၂၂၄ ။ ။ ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့နယ်၊ စက်ဆန်းကျေးရွာတွင် လိုင်စင်ရှိသည်ဟုဆိုကာ လိုင်စင်ပါစည်းကမ်းအတိုင်းမဟုတ်သော အင်ဂျင်အကြီး၊ လွှဝိုင်းအကြီးများဖြင့် သစ်ခွဲပြီးနှစ်စဉ် မှတ်ပုံတင် မပြုလုပ်ဘဲ စာရင်းဖျောက်နေခြင်း၊ တရားမဝင်သစ်များ ခွဲစိတ်နေခြင်းတို့ကြောင့် မိန်းမလှကျွန်း သစ်တော ကြိုဝိုင်းပျက်စီးနေသည့်အပြင် စက်ဆန်းအုပ်စု၊ ကံဆိပ်ကျေးရွာမှ သစ်ခွဲစက် (၂) လုံးအပါအဝင် တရားမဝင် သစ်စက် (၃) လုံးနှင့် တရားမဝင် သစ်ခွဲစက် (၁၀) လုံးတို့အား အရေးယူပေးပါရန် တိုင်ကြားလာခြင်းအပေါ် ကွင်းဆင်းစစ်ဆေးချက်အရ စက်ဆန်းကျေးရွာနှင့် စိန်ရတီကျေးရွာတို့တွင် တရားမဝင် သစ်စက် (၄) လုံး၊ ဖမ်းဆီးရမိခဲ့ခြင်းနှင့်ပတ်သက်၍ ဌာနဆိုင်ရာစုံစမ်းစစ်ဆေးရာတွင် သစ်တောဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့နယ်မှ တောအုပ်ကြီး ဦးမိုးဇော်နိုင် (ယခု-မကွေးတိုင်းဒေသကြီး၊ ကံမမြို့နယ်) သည် ဘိုကလေးမြို့နယ်တွင် တာဝန်ထမ်းဆောင်ခဲ့သည့် (၂) နှစ်တာကာလအတွင်း တာဝန်ကို ပေါ့ဆစွာထမ်းဆောင်ခဲ့သဖြင့် သတိပေးခြင်း ပြစ်ဒဏ် (၂) ကြိမ် ချမှတ်ထားပြီးဖြစ်ခြင်း၊ ၎င်းတာဝန်ကျ နယ်မြေစက်ဆန်းကျေးရွာနှင့် စိန်ရတီကျေးရွာတို့တွင် တရားမဝင်သစ်စက်များ တည်ရှိနေကြောင်း သိရှိသော်လည်း ထိထိရောက်ရောက် ကြီးကြပ်အရေးယူရန် ပျက်ကွက်ခဲ့ခြင်း၊ မိမိရာထူးနှင့် လျော်ညီစွာ မိမိ၏တာဝန်နှင့် ဌာနညွှန်ကြားချက်များကို သိရှိနားလည်မှု အားနည်းခြင်းတို့ကြောင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၁၆၂၊ နည်းဥပဒေခွဲ (က) (ဂ) တို့ကို ငြိစွန်းကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ဦးစီးရုံးချုပ်၊ စည်းကမ်းထိန်းသိမ်းရေးကော်မတီ၏ (၄/၂၀၁၇) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ တောအုပ်ကြီး ဦးမိုးဇော်နိုင် အား အောက်ပါအတိုင်း အပြစ်ပေးလိုက်သည် -

(က) နှစ်တိုးလစာစေ့ရောက်သည့်နေ့မှစ၍ နှစ်တိုးလစာ (၁) ကြိမ်ရပ်ဆိုင်းလိုက်သည်။

(ခ) ပြစ်ဒဏ်ကာလ (၁) နှစ်သက်မှတ်သည်။

(ဂ) နောင်နှစ်တိုးလစာများကို ရွှေ့သွားခြင်းမရှိစေရ။

အမှတ် ၂၂၅ ။ ။ ကယားပြည်နယ်၊ ဘောလခဲမြို့နယ်တွင် တရားမဝင်သစ်ကားများ ဖြတ်သန်းမှု၌ ဌာနဆိုင်ရာအဖွဲ့အစည်း (၁၁) ခုမှ အခကြေးငွေများ တောင်းခံလျက်ရှိကြောင်း သိရှိရသည့်ကိစ္စနှင့် ပတ်သက်၍ နိုင်ငံတော်သမ္မတရုံး၏ အကြောင်းကြားလာခြင်းအပေါ် သစ်တောဦးစီးဌာန ဦးစီးရုံးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (စီမံခန့်ခွဲရေး) ခေါင်းဆောင်သောအဖွဲ့၏ ကွင်းဆင်းစစ်ဆေးတွေ့ရှိချက်အရ ဘောလခဲမြို့သို့ တရားမဝင်သစ်တင်ယာဉ်များ ဖြတ်သန်းသယ်ဆောင်မှုအပေါ် သတင်းတင်ပြရန် ပျက်ကွက်ခဲ့သည့်အပြင် သစ်တင်ယာဉ်များတွင် လက်နက်ကိုင်ပါရှိသည့် အကြောင်းပြချက်ဖြင့် ငွေကြေးများ လက်ခံရယူခဲ့ခြင်းကြောင့် ဌာနဆိုင်ရာစုံစမ်းစစ်ဆေးရာတွင် သစ်တောဦးစီးဌာန၊ ကယားပြည်နယ်၊ ဘောလခဲမြို့နယ်၊ တောအုပ်ကြီး (မြို့နယ်ဦးစီးဌာနမှူး) ဦးတင်ဝင်းသည် တရားမဝင် သစ်တင်ယာဉ်များမှ ရရှိသော ငွေကြေးများနှင့်ပတ်သက်၍ ကင်းရှင်းသော်လည်း တာဝန်အရှိဆုံးသူတစ်ဦးအနေဖြင့် တရားမဝင် သစ်တင်ယာဉ်များအား ကိုယ်တိုင်ဖမ်းဆီးရန် ပျက်ကွက်ခြင်း၊ ကိုယ်တိုင်မဖမ်းဆီးနိုင်လျှင် ခရိုင် (မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ပူးပေါင်းဖမ်းဆီးရန် ပျက်ကွက်ခြင်း၊ အချိန်နှင့် တစ်ပြေးညီ အထက်အဆင့်ဆင့်သို့ သတင်း တင်ပြမှုပျက်ကွက်ခြင်း၊ စုပေါင်းဂိတ်တာဝန်ကျတောခေါင်းများမှ အချိန်နှင့်တစ်ပြေးညီ သတင်းတင်ပြမှု မရှိသည်ကိုလည်းကောင်း၊ ပိတ်ဆို့ဖမ်းဆီးရန် မရှိသည်ကိုလည်းကောင်း သိရှိသော်လည်း အချိန်မီပြုပြင်ခြင်းမရှိဘဲ ကြီးကြပ်ကွပ်ကဲမှုအားနည်းခြင်း၊ ကယားပြည်နယ်၊ သစ်တော

ဦးစီးဌာန၊ ညွှန်ကြားရေးမှူး၏ တရားမဝင် သစ်ဖမ်းဆီးရန်နှင့် တာဝန်ကျဝန်ထမ်းများအား လိုက်နာရမည့် စည်းကမ်းချက်များ ညွှန်ကြားထားရှိမှုကိုလည်း လိုက်နာဆောင်ရွက်မှုမရှိခြင်းတို့ကြောင့် နိုင်ငံ့ဝန်ထမ်း နည်းဥပဒေ ၁၆၂၊ နည်းဥပဒေခွဲ (က) (ဂ) (ဃ) တို့ကို ငြိစွန်းကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ဦးစီးရုံးချုပ်၊ စည်းကမ်းထိန်းသိမ်းရေးကော်မတီ၏ (၄/၂၀၁၇) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ တောအုပ်ကြီး ဦးတင်ဝင်း အား အောက်ပါအတိုင်း အပြစ်ပေးလိုက်သည် -

(က) တောအုပ်ကြီး လစာနှုန်း (၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀) ရာထူးမှ တောအုပ် လစာနှုန်း (၁၆၅,၀၀၀-၂,၀၀၀-၁၇၅,၀၀၀) ရာထူးသို့ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်နေ့ နံနက်ပိုင်းမှစ၍ လျှော့ချလိုက်သည်။

(ခ) ပြစ်ဒဏ်ကာလကို (၂) နှစ်သတ်မှတ်သည်။

(ဂ) တောအုပ် လစာနှုန်း (၁၆၅,၀၀၀-၂,၀၀၀-၁၇၅,၀၀၀) ရာထူးတွင် အမြင့်ဆုံးလစာ ၁၇၅,၀၀၀/- ကို ထုတ်ယူခံစားခွင့်ပြုသည်။

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁ ရက်
( ၂၀၁၇ ခုနှစ်၊ မတ်လ ၁၃ ရက် )

အမှတ် ၂၃၀ ။ ။ သစ်တောဦးစီးဌာန၊ ကယားပြည်နယ်၊ လွိုင်ကော်မြို့နယ်မှ တောအုပ်ကြီး ဦးသိန်းလွင် အား မိမိ၏အလုပ်တာဝန်များအပြင် ဘောလခဲမြို့နယ်၊ အဆင့် (ခ) မြို့နယ်၊ တောအုပ်ကြီး၏ အလုပ်တာဝန်များကိုပါ ယာယီအားဖြင့် အချိန်ပြည့် ပူးတွဲထမ်းဆောင်စေလိုက်သည်။

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၄ ရက်
(၂၀၁၇ ခုနှစ်၊ မတ်လ ၁၆ ရက်)

အမှတ် ၂၅၇ ။ ။ သစ်တောဦးစီးဌာန၊ ချင်းပြည်နယ်၊ ညွှန်ကြားရေးမှူးရုံးမှ လက်ထောက် ညွှန်ကြားရေးမှူး ဦးဇော်ဝင်းအောင် အား မိမိ၏အလုပ်တာဝန်များအပြင် ဟားခါးမြို့နယ်၊ ဦးစီးအရာရှိ၏ အလုပ်တာဝန်များကိုပါ ယာယီအားဖြင့် အချိန်ပြည့် ပူးတွဲထမ်းဆောင်စေလိုက်သည်။

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက်
( ၂၀၁၇ ခုနှစ်၊ မတ်လ ၁၇ ရက် )

အမှတ် ၂၆၀ ။ ။ သစ်တောဦးစီးဌာန၊ မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ်မှ တောအုပ်ကြီး ဦးတိုးလင်း အား မိမိ၏အလုပ်တာဝန်များအပြင် ၂၀၁၇ ခုနှစ်၊ မတ်လ ၂၂ ရက်နေ့ နံနက်ပိုင်းမှစ၍ မြို့သစ်မြို့နယ်၊ တောအုပ်ကြီး၏အလုပ်တာဝန်များကိုပါ ယာယီအားဖြင့် အချိန်ပြည့် ပူးတွဲထမ်းဆောင်စေလိုက်သည်။

အမှတ် ၂၆၁ ။ ။ သစ်တောဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ လက်ထောက် ညွှန်ကြားရေးမှူး ဦးညွန့်ဝင်း အား မိမိ၏အလုပ်တာဝန်များအပြင် ၂၀၁၇ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့ နံနက်ပိုင်းမှစ၍ ပြည်ခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး၏အလုပ်တာဝန်များကိုပါ ယာယီအားဖြင့် အချိန်ပြည့် ပူးတွဲထမ်းဆောင်စေလိုက်သည်။

ဒေါက်တာညီညီကျော်၊
ညွှန်ကြားရေးမှူးချုပ်၊
သစ်တောဦးစီးဌာန။

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၇၉ ခုနှစ်၊ နယုန်လပြည့်ကျော် ၇ ရက်
( ၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၆ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

### NOTICE Under Section 206 (1) Myanmar Companies Act
### ( MYUNG KOREA COMPANY LIMITED )
### ( Members Voluntary Winding - Up )

Notice is hereby given that in accordance with the Special Resolutions of members meeting held 15th June, 2017 at Room No. (01-01), 1st Floor, Building No.A, Diamond Condominium, Kamayut Township, Yangon Region, Myanmar, it was resolved as required by section 206 (1) Myanmar Company Act ;-

(1) "**MYUNG KOREA COMPANY LIMITED "** be winding up voluntarily with effect from 15th June, 2017.

(2) That **U YE NOOS** (Supreme Court Advocate), **YE NOOS & ASSOCIATES** (**Law Firm**) has been appointed as Liquidator and **MR. PARK SUNGHOON** **(**P.P.No. M 03655940), Managing Director of the company also has been appointed as Co-Liquidator with effect from 16th July, 2017.

CO-LIQUIDATOR

MR. PARK SUNGHOON
Managing Director
MYUNG KOREA COMPANY LIMITED
Room No. (01-01), 1st Floor, Building No.A,
Diamond Condominium, Kamayut Township,
Yangon Region.

LIQUIDATOR

U YE NOOS
(LL.B)
Supreme Court Advocate
YE NOOS & ASSOCIATES (Law Firm)
No. 176, (First Floor), Botahtaung Pagoda Road,
Pazundaung Township, Yangon Region.

**အမြင့်ပျံသူများ ကုမ္ပဏီလီမိတက်**
**(HIGH FLYERS COMPANY LIMITED)**
အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၇ ခုနှစ်၊ ဇွန်လ (၁၅) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **အမြင့်ပျံသူများ ကုမ္ပဏီလီမိတက် (HIGH FLYERS COMPANY LIMITED)** အား (၁၅-၆-၂၀၁၇) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီး ဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးအီနုစ် (တရားလွှတ်တော်ရှေ့နေ) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း၊ ဒေါ်မိုးမိုးအေး **(B.Com, Dip I.F.R, Diploma in Business Law)** အား တွဲဖက် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ (၁၆) ရက်နေ့ကို နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးဝင်းကျော်ကျော်အောင်
Managing Director
High Flyers Company Limited

ဦးအီနုစ်
(တရားလွှတ်တော်ရှေ့နေ)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
YE NOOS & ASSOCIATES (Law Firm)
အမှတ်-၁၇၆ (ပထမထပ်)၊ ဗိုလ်တထောင်ဘုရားလမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၉၆၁၁၂၂၊ ၃၉၇၂၃၄၊ ၃၉၇၂၃၅။

**စီးတီးကပ် ကုမ္ပဏီလီမိတက်**
**(CITY CAB COMPANY LIMITED)**
အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၇ ခုနှစ်၊ ဇွန်လ (၁၅) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **စီးတီးကပ် ကုမ္ပဏီလီမိတက် (CITY CAB COMPANY LIMITED)** အား (၁၅-၆-၂၀၁၇) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီး ဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးအီနုစ် (တရားလွှတ်တော်ရှေ့နေ) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း၊ ဒေါ်မိုးမိုးအေး **(B.Com, Dip I.F.R, Diploma in Business Law)** အား တွဲဖက် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ (၁၆) ရက်နေ့ကို နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးဝင်းကျော်ကျော်အောင်
Managing Director
City Cab Company Limited

ဦးအီနုစ်
(တရားလွှတ်တော်ရှေ့နေ)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
YE NOOS & ASSOCIATES (Law Firm)
အမှတ်-၁၇၆ (ပထမထပ်)၊ ဗိုလ်တထောင်ဘုရားလမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၉၆၁၁၂၂၊ ၃၉၇၂၃၄၊ ၃၉၇၂၃၅။

## ဒေါ်လာမင်း ရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်
## (DOLLAR KING TRADING COMPANY LIMITED)

အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၇ ခုနှစ်၊ ဇွန်လ (၁၅) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **ဒေါ်လာမင်း ရောင်းဝယ်ရေး ကုမ္ပဏီလီမိတက် (DOLLAR KING TRADING COMPANY LIMITED)** အား (၁၅-၆-၂၀၁၇) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီး ဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးအီနုစ် (တရားလွှတ်တော်ရှေ့နေ) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း၊ ဒေါ်မိုးမိုးအေး **(B.Com, Dip I.F.R, Diploma in Business Law)** အား တွဲဖက်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ (၁၆) ရက်နေ့ကို နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးဝင်းကျော်ကျော်အောင်
Managing Director
Dollar King Trading Co., Ltd.

ဦးအီနုစ်
(တရားလွှတ်တော်ရှေ့နေ)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
YE NOOS & ASSOCIATES (Law Firm)
အမှတ်-၁၇၆ (ပထမထပ်)၊ ဗိုလ်တထောင်ဘုရားလမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၉၆၀၃၂၊ ၃၉၇၂၃၄၊ ၃၉၇၂၃၅။

## ရဲရင့်နောင် ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်
## (YE YINT NAUNG CONSTRUCTION COMPANY LIMITED)

အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၇ ခုနှစ်၊ ဇွန်လ (၁၅) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **ရဲရင့်နောင် ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက် (YE YINT NAUNG CONSTRUCTION COMPANY LIMITED)** အား (၁၅-၆-၂၀၁၇) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီး ဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးအီနုစ် (တရားလွှတ်တော်ရှေ့နေ) အား စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း၊ ဒေါ်မိုးမိုးအေး **(B.Com, Dip I.F.R, Diploma in Business Law)** အား တွဲဖက် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ (၁၆) ရက်နေ့ကို နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးမြင့်မိုရ်ကျော်ဇင်
Managing Director
Ye Yint Naung Construction Co., Ltd.

ဦးအီနုစ်
(တရားလွှတ်တော်ရှေ့နေ)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
YE NOOS & ASSOCIATES (Law Firm)
အမှတ်-၁၇၆ (ပထမထပ်)၊ ဗိုလ်တထောင်ဘုရားလမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၉၆၀၃၂၊ ၃၉၇၂၃၄၊ ၃၉၇၂၃၅။

## ကွန်ကရစ် ဘုရင် ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်
## (CONCRETE KING CONSTRUCTION COMPANY LIMITED)

အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၇ ခုနှစ်၊ ဇွန်လ (၁၅) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **ကွန်ကရစ် ဘုရင် ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက် (CONCRETE KING CONSTRUCTION COMPANY LIMITED)** အား (၁၅-၆-၂၀၁၆) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီး ဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးအီးနုစ် (တရားလွှတ်တော်ရှေ့နေ) အား စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း၊ ဒေါ်မိုးမိုးအေး **(B.Com, Dip I.F.R, Diploma in Business Law)** အား တွဲဖက် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ (၁၆) ရက်နေ့ကို နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးအောင်ထက်
Managing Director
Concrete King Construction Co.,Ltd.

ဦးအီးနုစ်
(တရားလွှတ်တော်ရှေ့နေ)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
YE NOOS & ASSOCIATES (Law Firm)
အမှတ်-၁၇၆ (ပထမထပ်)၊ ဗိုလ်တထောင်ဘုရားလမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၉၆၁၃၂၊ ၃၉၇၂၃၄၊ ၃၉၇၂၃၅။

## တနင်္ဂနွေ နေ ရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်
## (SUNDAY SUN TRADING COMPANY LIMITED)

အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၇ ခုနှစ်၊ ဇွန်လ (၁၅) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **တနင်္ဂနွေ နေ ရောင်းဝယ်ရေး ကုမ္ပဏီလီမိတက် (SUNDAY SUN TRADING COMPANY LIMITED)** အား (၁၅-၆-၂၀၁၆) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီး ဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးအီးနုစ် (တရားလွှတ်တော်ရှေ့နေ) အား စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း၊ ဒေါ်မိုးမိုးအေး **(B.Com, Dip I.F.R, Diploma in Business Law)** အား တွဲဖက် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ (၁၆) ရက်နေ့ကို နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးမျိုးမြင့်အောင်
Managing Director
Sunday Sun Trading Co.,Ltd.

ဦးအီးနုစ်
(တရားလွှတ်တော်ရှေ့နေ)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
YE NOOS & ASSOCIATES (Law Firm)
အမှတ်-၁၇၆ (ပထမထပ်)၊ ဗိုလ်တထောင်ဘုရားလမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၉၆၁၃၂၊ ၃၉၇၂၃၄၊ ၃၉၇၂၃၅။

## PRECIOUS GEMS COMPANY LIMITED

ဖျက်သိမ်းရန်ကြေညာချက်

၁။ **PRECIOUS GEMS COMPANY LIMITED** ကို အစုရှင်များ၏ဆန္ဒအရ အလိုအလျောက် ဖျက်သိမ်းရန် (၁၅-၆-၂၀၁၇) နေ့က ကုမ္ပဏီရုံးတွင်ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေ အစည်းအဝေးက အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် အမှတ်-၁၈၁/၁၈၃၊ ပထမထပ်၊ အခန်းအမှတ်-၃၀၃၊ (၄) လွှာ၊ ၃၄ လမ်း (အထက်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့နေ **ဒေါ်ချိုချိုမြင့် B. Com (Q), C.P.A, Dip in Business Law (စာရင်းစစ်)**၊ [**၈/ခမန (နိုင်) ၀၀၆၅၇၆**] အား ခန့်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံ ပေးရန်နှင့်ရရန်ရှိသည်များကို (၁) လအတွင်း စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

ဒေါ်ခင်မာလာ
မန်နေးဂျင်းဒါရိုက်တာ
PRECIOUS GEMS COMPANY LIMITED

ဒေါ်ချိုချိုမြင့်
စာရင်းစစ်
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## MHL MYANMAR COMPANY LIMITED

ဖျက်သိမ်းရန်ကြေညာချက်

၁။ **MHL MYANMAR COMPANY LIMITED** ကို အစုရှင်များ၏ဆန္ဒအရ အလိုအလျောက် ဖျက်သိမ်းရန် (၁၅-၆-၂၀၁၇) နေ့က ကုမ္ပဏီရုံးတွင်ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေ အစည်းအဝေးက အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် အမှတ်-၅၀၊ ပထမထပ်၊ အခန်း (စီ-၁)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့နေ **ဦးချန္ဒရာ (B.Sc.,H.G.P, M.A (Business Law), PG Dip in Law (တရားလွှတ်တော်ရှေ့နေ)**၊ [**၁၂/သကတ (နိုင်) ၁၁၈၄၉၃**] အား ခန့်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံ ပေးရန်နှင့်ရရန်ရှိသည်များကို (၁) လအတွင်း စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

ဦးကျန်တတ်လုံး(ခ)ဦးဝင်းမြင့်
မန်နေးဂျင်းဒါရိုက်တာ
MHL MYANMAR COMPANY LIMITED

ဒေါ်ချိုချိုမြင့်
စာရင်းစစ်
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## TMA COMPANY LIMITED

ဖျက်သိမ်းရန်ကြေညာချက်

၁။ **TMA COMPANY LIMITED** ကို အစုရှင်များ၏ဆန္ဒအရ အလိုအလျောက် ဖျက်သိမ်းရန် (၁၅-၆-၂၀၁၇) နေ့က ကုမ္ပဏီရုံးတွင်ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေ အစည်းအဝေးက အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် အမှတ်-၁၈၁/၁၈၃၊ ပထမထပ်၊ အခန်းအမှတ်-၃၀၃၊ (၄) လွှာ၊ ၃၄ လမ်း (အထက်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့နေ **ဒေါ်ချိုချိုမြင့် B. Com (Q), C.P.A, Dip in Business Law (စာရင်းစစ်)**၊ **[၈/ခမန (နိုင်) ၀၀၆၅၇၆]** အား ခန့်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံ ပေးရန်နှင့်ရရန်ရှိသည်များကို (၁) လအတွင်း စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

ဒေါ်ခင်မာလာ
မန်နေးဂျင်းဒါရိုက်တာ
TMA COMPANY LIMITED

ဒေါ်ချိုချိုမြင့်
စာရင်းစစ်
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

In the Matter of the Myanmar Companies Act and

**Woh Hup International Pte Ltd (Myanmar Branch)**

Notice undar Section 206 (1)

At an Extraordinary General Meeting of Woh Hup International Pte.Ltd., held at its registered office on 7th day of June 2017 at 10 AM, the following special resolutions were passed.

Resolutions:-

(1) that Woh Hup International Pte.Ltd., (Myanmar Branch) be and is hereby wound up voluntarily,

(2) that Daw Moe Moe Aye (Certified Public Accountant) and a director of UTW (Myanmar) Ltd., No. 693/701, Room 10A, 10th Floor, Merchant Road, Pabedan Township, Yangon be and is hereby appointed as Liquidator of the branch for the purpose of such winding up and be authorized to carry on the business of the branch to such extent and for such period as may be necessary for the beneficial winding up thereof and be granted such other powers as may be deemed fit or proper.

Claims Notice:-

I, the undersigned Liquidator of the Woh Hup International Pte.Ltd., (Myanmar Branch) have fixed 21st July, 2017 as the day on or before which the creditors of the branch are to prove their debts or claims otherwise they will be excluded from the benefit of any distribution made before such debts are proved.

All persons claiming to be creditors of the above Branch are, requested to submit details of their claims together with any documentary evidence to the liquidator at address given below before the above date.

Mr. Yong Tiam Yoon
Executive Director

Moe Moe Aye
Liquidator,
UTW (Myanmar) Ltd.,
No. 693/701, Room 10A, 10th Floor,
Merchant Road, Pabedan Township, Yangon.

ပ၊ ထ၊ န - အမှတ် ၆၆၃/၁၆/ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန/စောင်ရေ - ၂၂၀၀/၁၆-၆-၂၀၁၇။